ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (1-10-2010) (၆၃၃၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ဂျီးရီးယားနိုင်ငံသမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယား နိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် ဒေါက်တာ ဂွတ်လက်ခ် အီဘလီ ဂျိုနသန်ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒီမီထရီ ခရစ်တိုဖီယာ့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ စီမံကိန်း(ပုသိမ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

ကြေးမုံ The Mirror

၁-၁၀-၂၀၁၀
(သောကြာနေ့)

သက်ကြီးရွယ်အိုများအား နွေးနွေးထွေးထွေး စောင့်ရှောက်ကူညီ

ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပေးထားရာ နှစ်စဉ် အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ဝင်များက သက်ကြီးရွယ်အိုများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေး၊ လူမှုရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေး ကြိုးပမ်းနေကြသည်။

ယနေ့ကမ္ဘာတွင် ဇီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူသားများ၏သက်တမ်း ပိုရှည်လာသည်။ သက်ကြီးရွယ်အိုများလည်း နေ့စဉ် တိုးပွားလျက်ရှိရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်အညီ အမိ၊ အဖ၊ အဘိုး၊ အဘွား သက်ကြီးရွယ်အိုများအား ဂါရဝထား လေးစား စောင့်ရှောက်ကြသည်။ မိမိတို့၏ အိမ်ဦးခန်းတွင် မိဘဘိုးဘွားတို့အား နေရာပေးကာ မေတ္တာစေတနာ အပြည့်အဝဖြင့် ကျွေးမွေးပြုစု စောင့်ရှောက်နေကြသည်။ အဘိုးအဘွားများကလည်း မိမိတို့၏ သားသမီး မြေးမြစ်များနှင့်အတူ မိသားစု၏စီးပွားရေး၊ လူမှုရေးရာများကို ကြည့်ရှုထိန်းသိမ်းပေးခြင်းဖြင့် ချမ်းမြေ့ဖွယ်ရာ လူမှုပတ်ဝန်းကျင် ဖြစ်တည်ထွန်းကားလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာများကို လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကပင် ထူထောင်စောင့်ရှောက်ပေးခဲ့သည်။ သားထောက်သမီးခံမရှိကြသည့် သက်ကြီးရွယ်အိုများအား စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်၍ ဆက်လက်ပြုစု စောင့်ရှောက်လျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်းတွင် စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာ ၆၅ ခုရှိပြီး ဘိုးဘွားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပြီ။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို နှစ်စဉ်ကျင်းပနေခြင်းသည် အဘိုးအဘွားတို့၏ ဘဝရှေ့ရေး သာယာချမ်းမြေ့မှုကို စောင့်ရှောက်ကူညီတတ်သည့် မြန်မာ့လူမှုဓလေ့စရိုက် အစဉ်အလာကောင်းများကို ထပ်လောင်းမြှင့်တင်ပေးခြင်းဖြစ်သည်။ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ပရဟိတလုပ်ငန်းကို ပိုမိုအထောက်အကူပြုလျက်ရှိသည်။

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ကူညီခြင်းသည် မွန်မြတ်သော ပရဟိတလုပ်ငန်းတစ်ခုဖြစ်သည်။ သက်ကြီးရွယ်အိုများအား နေရာထိုင်ခင်း၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာများ ကူညီပေး၍ အခြေခံလူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေကြပြီ။ နိုင်ငံတော်အစိုးရနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများက အဘိုး၊ အဘွား သက်ကြီးရွယ်အိုများအား မေတ္တာ၊ စေတနာ နွေးထွေးသော ပြုစုစောင့်ရှောက်မှုများဖြင့် ဆက်လက်ကူညီ လှူဒါန်းကြခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ လူမှုဘဝများ ပိုမိုချမ်းမြေ့နိုင်ကြမည် ဖြစ်ပါသည်။ ။

BCB Centre မှ စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၃၀

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း Business Capacity Building (BCB) Centre မှ စီးပွားရေး စီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂) Business Management Course (Part-II)သင်တန်းကို အောက်တိုဘာ ၉ ရက်တွင်လည်းကောင်း၊ လက်လီ ရောင်းဝယ်ဖောက်ကားရေး စီမံအုပ်ချုပ်မှု ရက်တိုသင်တန်း (Retail Management in FMCG Market) ကို အောက်တိုဘာ ၁၁ ရက်တွင် လည်းကောင်း ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။

သင်ကြားမှုတွင်လည်း ဘာသာရပ်ဆိုင်ရာနယ်ပယ်မှ အတွေ့အကြုံရှိ ဝါရင့်ဆရာ၊ ဆရာမများနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများက စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံ ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင် အခက်အခဲများအား ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်းလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

သင်တန်းကာလအတွင်း ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုများကို လေ့ကျင့်ပေးခြင်း၊ ဈေးကွက်စီမံလျာထားမှု (Marketing Plan) ရေးဆွဲခြင်း၊ သင်ကြားသည့် ဘာသာရပ်များနှင့်ဆိုင်သော ဝက်ဘ်ဆိုက် (Website) များလေ့လာရန် အင်တာနက် အခမဲ့သုံးစွဲခွင့်ပေးခြင်းနှင့် သင်တန်းသားများလေ့လာရန် လိုအပ်သော စာအုပ်များ (Reference)ကို ထားရှိပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

အကျိုးအမြတ်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းမျိုး မဟုတ်သည့်အတွက် သင်တန်းကြေးကို သက်သာစွာ သတ်မှတ်ထားကြောင်းနှင့် သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကိုလည်း ကန့်သတ်ထားကြောင်း သိရှိရသည်။

စိတ်ဝင်စားသူများအနေဖြင့် BCB Centreတည်ရှိရာ အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၃၈၅၃၁၊ E-mail:bcbcentre@ mptmail. com. mm, bcbcentre009 @ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကန့်ဘလူ၊ ရွှေဘိုနှင့် အရာတော်တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၂၇ ရက်တွင် ကန့်ဘလူမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ ကျင်းပသည့် တပ်ရင်းအရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ တပ်ရင်းမိသားစုဝင်များအား ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ပြီး တပ်ရင်းမိသားစု စိုက်ခင်း၌ သီးပင်စားပင်များ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေဘိုမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ ကျင်းပသော တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ တပ်နယ် စစ်သည်၊ မိသားစုဝင်များအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ပြီး နယ်မြေခံတပ်ရင်း အိမ်ထောင်သည်လိုင်းများ၌ စိုက်ပျိုးထားသည့် မိသားစု စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် အရာတော်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးတင်နိုင်သိန်းတို့ နမ့်စန်-လဲချား ရထားလမ်းပိုင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ကြီးနား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ နမ့်စန်-လဲချား ရထားလမ်းပိုင်း စတင်ဖောက်လုပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်မည့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ နမ့်စန်-လဲချားရထားလမ်း ပိုင်း စတင်ဖောက်လုပ်ခြင်း အခမ်းအနား ကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အမှတ်(၂) စံပြကျေးရွာအနီးရှိ ဘူတာတည်ဆောက်မည့် မြေနေရာယာဒ်ဝင်း ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့အား မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက နမ့်စန်-လဲချားရထားလမ်းပိုင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့စေရန်အတွက် တစ်ခန်းတစ်ကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၁၀ခုနှစ် ဩဂုတ် ၁၆ ရက်တွင် နေပြည်တော်၌ ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး (၂/၂၀၁၀)မှ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းအသစ် လေးခု ချမှတ်ပေးခဲ့ကြောင်း၊ ယင်းစီမံကိန်းများမှာ-

(က) နေပြည်တော် - ဆင်သေ (တပ်ကုန်း) - ပင်လောင်း ရထားလမ်း မိုင်(၁၂၀)၊
(ခ) မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ် - ကျောက်မဲ - သီပေါ-လဲချား - နမ့်စန်ရထားလမ်း (၄၇၄ ဒသမ ၅၀)မိုင်၊
(ဂ) မုံရွာ - ယာကြီး - ကလေးဝ - ကလေးရထားလမ်း (၁၃၅)မိုင်၊
(ဃ) တောင်ငူ - ယာသို - လွိုင်ကော် ရထားလမ်း မိုင်(၁၅၀)

တို့ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများအား တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် နမ့်စန်- လဲချား ရထားလမ်းပိုင်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

စက်တင်ဘာ ၂၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပမည့် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ထွက်ခွာသွားသည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အမှုဆောင် ဦးစိန်ဝှက် (သစ်တောဦးစီးဌာန)နှင့် ဦးအောင်မြင့်ထွန်း (မြန်မာ့စိုက်ပျိုးရေး) တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ အဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၂ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၂၀၅) ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်းဝင် အသင်းသားများ အပါအဝင် အသင်းဝင်များအားလုံး ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် အစည်းအဝေး တက်ရောက် ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အစည်းအဝေးကျင်းပရာ ပုလဲခန်းမ၌ နောက်ဆုံးပေါ် နည်းပညာများဖြင့် ထုတ်လုပ်ထားသော ရွှေဆိုင်၊ ရွှေပန်းထိမ် လုပ်ငန်းသုံး ကျပ်၊ ပဲ၊ ရွေး၊ ဒစ်ဂျစ်တယ်စနစ်သုံး SHINPO အမှတ်တံဆိပ် ဒစ်ဂျစ်တယ် ရွှေချိန်စက်နှင့် ရွှေရည်စစ်စက်များကို မိတ်ဆက်ပြသပြီး အသင်းဝင်များအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးစိုက်ကွက်၌ မြေဩဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ခရိုင်ချင်းဆက်လမ်း အမှတ်(၂)လမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကင်းသာရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကို စတင်ဖွင့်လှစ်ပေးနိုင်မှုနှင့် လမ်းထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗိုလ်ချုပ်မြင့်စိုးသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ပေါ်ရှိ ညောင်ကိုင်းချောင်းတံတား ပြင်ဆင်မှုအခြေအနေ၊ ခရိုင်ချင်းဆက်လမ်း ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေ၊ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးစိုက်ကွက်၌ မြေဩဇာ စုပေါင်းကြဲပက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး စုပေါင်းကြဲပက်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်မြင့်စိုးသည် မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် လှိုင်းတက်ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် လည်းကောင်း၊ တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများနှင့် လည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၃၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၁၁၊ ၁၂ နှင့် ၁၃ ရက် (၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၇၊ ၁၈ နှင့် ၁၉ ရက်တို့တွင် ခွင့်ပြုထားသော စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဖြေဆိုနိုင်

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရ ပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲအောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကို ဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

ထပ်မံဖြေဆိုခွင့်ရှိ

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ပေးပို့ထားပြီးဖြစ်၍ ဖြေဆိုလိုသည့် ပုံစံများကို ယင်းရုံးများတွင် တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ ပီအိပ်ချ်ဒီဘွဲ့ ရရှိသူများသည် အထောက်အထားနှင့်တကွ အမြန်ဆက်သွယ်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးရဲမြင့် ဖုန်း-၀၉-၅၁၀၆၁၀၉၊ ဦးသောင်းညွန့် ဖုန်း-၀၁-၅၅၅၆၅၁၊ ဦးကျော်မြင့် ဖုန်း-၀၁-၇၃၀၅၆၃၄၃ နှင့် ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၃၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ကျမ်းစာပေဒုတိယဆုရ ဇင်မင်း(သမိန်ထော) ရေးသားသည့် "ဖြတ်သန်းခဲ့ရ သမိုင်းစဉ် ဆောင်ကြဉ်းခဲ့ရတာဝန်များ" စာအုပ်ကို စာအုပ်အသင်း၏ (၆၄) အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၁၀-၂၀၁၀ (သောကြာနေ့)

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ (အပိုင်း-၂)
- ၈:၁၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ Islands of Dhamma
- ၈:၄၅ ၁၀။ ဘဒ္ဒန္တမာနိတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သူဌေးတန်းကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) အထက(၁) တောင်ဥက္ကလာပ (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တေးများ
- ၅:၃၀ ၉။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၆:၅၀ ၁၃။ ဇမ္ဗူဒီပါမှာ ထွန်းတဲ့ကျွန်း
- ၇:၃၀ ၁၄။ နိုင်ငံတော် သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးအဖွဲ့ ပူးတွဲဖျော်ဖြေမှု အစီအစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ "လျှပ်တစ်ပြက်ဟာသများ"
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၂၆)**
- ၂၁။ သီချင်းချစ်သူ(အထူးအစီအစဉ်) အပိုင်း(၄)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ပိုနိုင်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၀၁လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ချောက်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၆၅ လက်မ ၊မင်းတပ်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ မချမ်းဘောနှင့်ထီးလင်းမြို့တို့တွင် ၁ ဒသမ ၅၈ လက်မစီနှင့် တောင်သာမြို့တွင် သုည ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၁ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံတူးဖော်ရှာဖွေရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-3 နှင့် Block M-7 တို့တွင် Geophysical Site Survey(GSI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Genesis ဖြင့် အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey(GSI) တိုင်းတာရေးဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Block M-3 တွင် Point -A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၂ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၃၀ ဒသမ ၃၂ စက္ကန့်၊ Point -B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၂ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၂၉ ဒသမ ၈၃ စက္ကန့်၊ Point -C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၃ ဒသမ ၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့် နှင့် Point -D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၃ ဒသမ ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်တွင်လည်းကောင်း၊ Block M -7 တွင် Point -A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၃ မိနစ် ၃၅ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၅၀ ဒသမ ၆၀ စက္ကန့်၊ Point -B မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၃ မိနစ် ၃၅ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၆ မိနစ် ၀၄ ဒသမ ၄၀ စက္ကန့်၊ Point -C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ မိနစ် ၂၅ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၆ မိနစ် ၀၄ ဒသမ ၄၀ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၁၁ မိနစ် ၂၅ ဒသမ ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃မိနစ် ၅၀ ဒသမ ၆၀ စက္ကန့်တို့တွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် Block M-3 နှင့် Block M-7 တို့တွင် Geophysical Site Survey (GSI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Genesis ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းကိရိယာ၏ အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ဝါးပိုးဝါးများ သွယ်တန်းစိုက်ထားခြင်းနှင့် ကျားပိုက်များ သွယ်တန်းချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးအောင်သန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်လူထုကြီးခင်ဗျား-

ကျွန်တော်ကတော့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း ဖြစ်ပါတယ်။

မိဘပြည်သူအားလုံး ဘေးရန်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်း၍ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ မေတ္တာရှေ့ထား ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား-

မဲဆန္ဒရှင်လူထုကြီးကို အပိုင်း(၅)ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်-

၁။ ကျွန်တော်တို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ ပေါ်ပေါက်လာပုံ

၂။ ကျွန်တော်တို့ပါတီ ကိုင်စွဲထားတဲ့ ယုံကြည်ခံယူချက်၊ လမ်းစဉ်နဲ့ လုပ်ငန်းစဉ်

၃။ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအပေါ် သဘောထားနှင့် ရွေးကောက်ပွဲတွင် ပါဝင်မှု

၄။ မဲဆန္ဒရှင်လူထုကြီးရဲ့ ပိုင်ခွင့်

၅။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ ကိုယ်စားလှယ်တော်များအတွက် မေတ္တာမဲ၊ ကရုဏာမဲ ပန်ကြားတောင်းခံခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဟာ ယခင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ်နာယကကြီး ဦးနု(သခင်နု)နှင့် ဥက္ကဋ္ဌ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်တို့ ချမှတ်ခဲ့သည့် ဖြူစင်သော ပြဟ္မစိုရ်ဝါဒ သဘောတရားနှင့် ဒီဝါဒအပေါ် အခြေခံတဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး အခြေခံအဖြစ် မမှိတ်မသုန် ယုံကြည်လက်ခံ ကိုင်စွဲထားတဲ့ နိုင်ငံရေးအမွေခံများက ဆက်ခံပြောင်းလဲဖွဲ့စည်းလိုက်တဲ့ ပါတီဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား-

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကိုင်စွဲထားတဲ့ "ပြဟ္မစိုရ် ဝါဒအပေါ် အခြေခံသော ဒီမိုကရေစီလမ်းစဉ်" တစ်နည်းဆိုရလျှင် "ပြဟ္မစိုရ်တရားနှင့် ဒီမိုကရေစီစိတ်ထား" ဆိုတာကို အကျဉ်းမျှ ရှင်းပြပါမယ်-

အသိဉာဏ်ရှိသော ကမ္ဘာလူသားတို့ အကြိုက်တူ ဝါဒတစ်ခုကို စတင်တည်ထောင်ခဲ့ကြရာမှာ ကိုယ်ချင်းစာ မေတ္တာဝါဒသည် ကမ္ဘာဦးဝါဒ၊ ကမ္ဘာသစ်တည်ထောင်သောဝါဒဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအဆောက်အအုံ၊ ဒီမိုကရေစီအဖွဲ့အစည်း၊ ဒီမိုကရေစီကျင့်စဉ်တွေ အမြစ်တွယ်ခိုင်မာတည်တံ့နိုင်ရန် ပြဟ္မစိုရ်တရားဟာ အလိုအပ်ဆုံး ဖြစ်ပါတယ်။

ဒီနေရာမှာ အရေးတကြီး ထပ်ရှင်းပြလိုတာက ပြဟ္မစိုရ်တရားဆိုတာ ဗုဒ္ဓဘာသာနှင့်သာ သက်ဆိုင်တယ်လို့ အချို့က ထင်မြင်ယူဆနေကြတာနဲ့ ပတ်သက်ပါတယ်။ အဲဒီအတွေး အဲဒီအမြင်ဟာ မမှန်ပါဘူး။

တကယ်တော့ ပြဟ္မစိုရ်တရားဟာ မည်သည့်ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့် ယဉ်ကျေးမှု အဆင့်အတန်းရှိသူနှင့်မဆို သက်ဆိုင်တဲ့၊ ကျင့်ရမယ့် လူသားဝါဒ ဖြစ်ပါတယ်။ လူလူချင်းဆက်ဆံရာမှာ အကောင်းဆုံးဝါဒ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက်သာမက ကမ္ဘာသူကမ္ဘာသားတို့အား ကိုယ်ချင်းစာ မေတ္တာတရားဖြင့် မေတ္တာဝါဒ၊ တစ်နည်းအားဖြင့် ပြဟ္မစိုရ်ဝါဒဖြင့် ပြန်လည်ထိန်းသိမ်းပေးရန် လိုအပ်နေတယ်လို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက အကြွင်းမဲ့ ယုံကြည်ပါတယ်။

ပြည်သူလူထုကြီးခင်ဗျား-

ကျွန်တော်တို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်-

ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကဏ္ဍမှာ

ရွေးကောက်ပွဲကြီးအပြီး ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက တိုင်းရင်းသားအားလုံးနှင့် နိုင်ငံရေးအင်အားစုများ ပါဝင်တဲ့ ပြည်ထောင်စု ဆွေးနွေးပွဲတစ်ရပ် စနစ်တကျကျင်းပပြီး ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုကို မဖြစ်မနေ တည်ဆောက်ဖို့ နည်းလမ်းစုံနဲ့ ကြိုးပမ်းသွားရေး၊

ငြိမ်းချမ်းတဲ့၊ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မှာ စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီဝါဒနှင့်စနစ်ကို ဒီမိုကရေစီအဆောက်အအုံတွေ တစ်စတစ်စ ပေါ်ထွန်းလာအောင်ဖန်တီးရင်း၊ ဒီမိုကရေစီအဖွဲ့အစည်းတွေ တစ်စတစ်စ ပေါ်ပေါက်လာအောင် တည်ဆောက်ဖန်တီးရင်း၊ ဒီမိုကရေစီအလေ့အကျင့်တွေ ကျင့်သုံးရင်း၊ စိတ်ရှည်ဖွဲ့ရှိ သည်းခံစိတ်နဲ့ အချိန်ယူ ဝိုင်းဝန်းတည်ဆောက်ကြရေး၊ တရားဥပဒေနဲ့ ပတ်သက်ပြီး ဥပဒေ၏ရှေ့မှောက်၌ နိုင်ငံသားအားလုံး ညီမျှသော အခွင့်အရေးများ ရရှိကြရေး၊ ဥပဒေ၏အထက်တွင် ဘယ်သူမှမရှိရေး ပြဋ္ဌာန်းပေးဖို့တွေကို ဆောင်ရွက်သွားပါမယ်။

တပ်မတော်နဲ့စပ်ဆိုင်တဲ့ သဘောထားကတော့-

ခေတ်မီ၍ အစဉ်နူပျိုနေသော တပ်မတော်ဖြစ်ရေး၊

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သည့် တပ်မတော်ဖြစ်ရေး၊

မိဘပြည်သူတွေနဲ့ တစ်သားတည်းဖြစ်သော တပ်မတော်ဖြစ်ရေးတွေကို ကြိုးပမ်းသွားပါမယ်။

နိုင်ငံ့ဝန်ထမ်းများကဏ္ဍမှာ

ဝန်ထမ်းအဖွဲ့အစည်းသို့ စတင်ဝင်ရောက်သည့်အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခံစားခွင့်။

ဝန်ထမ်းလစာ၊ ရိက္ခာများသည် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေတို့နှင့် လိုက်လျော ညီထွေသော လစာရိက္ခာများ ဖြစ်နေစေရေး။

အငြိမ်းစားဝန်ထမ်းများ ရရှိနေသည့် အငြိမ်းစားလစာသည် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေတို့နှင့် လိုက်လျောညီထွေစွာ ရရှိခံစားနိုင်စေရေးတို့ကို ဆောင်ရွက်သွားပါမယ်။

ကျန်းမာရေးကဏ္ဍမှာ

အစိုးရဆေးရုံ၊ ဆေးခန်းများကို ပြည်သူလူထုက အားကိုးအားထားပြုရာ ခေတ်မီဆေးဝါးကိရိယာ၊ ဝန်ဆောင်မှုပြည့်စုံသည့် ဆေးရုံ၊ ဆေးခန်းများ ဖြစ်စေရေး၊

ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း စနစ်တကျ ဖော်ဆောင်လုပ်ကိုင်ခွင့် ရရှိစေရေးတို့ကို အလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။

ငွေကြေးစနစ်နဲ့ပတ်သက်လို့

ဈေးကွက်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျတဲ့ ငွေကြေးစနစ်ဖြစ်စေပြီး အာမခံချက်ရှိတဲ့ ငွေစက္ကူများ ဖြစ်လာစေရေးအတွက် လိုအပ်ဥပဒေများ ပြဋ္ဌာန်းပြောင်းလဲရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။

တရားဥပဒေကဏ္ဍ

နိုင်ငံသားအားလုံးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ကြေညာစာတမ်းပါ လူ့အခွင့်အရေးတွေ ရရှိခံစားနိုင်စေရန် ဥပဒေများ အခိုင်အမာ ပြဋ္ဌာန်းသွားရန်။

ပညာရေးကဏ္ဍမှာ

နိုင်ငံသားတိုင်း မိမိစိတ်ကြိုက်သင်ယူနိုင်သော ပညာရေးစနစ် ထားရှိရေး။

ပညာရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာအဆင့်မီ ပညာတတ်၊ ပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တစ်ခုတည်းသော ရေရှည်ပညာရေးမူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်ရေး။

ပညာရှင်၊ ပညာရှိပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားအဆင့်ပညာရေးကောင်စီတစ်ရပ် ပေါ်ထွန်းရေးတို့ကိုဆောင်ရွက်မှာ ဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍမှာ

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့အခါ ငွေရှင်ကြေးရှင်တွေက ကုမ္ပဏီကြီးတွေ၊ အစုစပ်လုပ်ငန်းကြီးတွေ တည်ထောင်ပြီး စီးပွားရေးလုပ်ငန်းကြီးများ လုပ်ကြမှာဖြစ်ပါတယ်။ ဒါပေမယ့် ငွေရင်းမရှိသူတွေ၊ ငွေရင်းနည်းသူတွေအတွက် လူမှုစီးပွားရေးအသင်းတွေ ဖွဲ့စည်းပြီး အသင်းရဲ့အင်အားနဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ဝင်ရောက် နေရာယူနိုင်စေရေး ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ-

လယ်ယာစီးပွားရေးပိုင်းမှာ

တောင်သူလယ်သမားတွေအတွက် ကျေးရွာတွေမှာ ကျေးရွာသူ၊ ကျေးရွာသားတို့ရဲ့ အစုရှယ်ယာများနှင့် အစပထမတွင် ရင်းနှီးမြှုပ်နှံငွေထည့်ဝင်ပြီး လူမှုစီးပွားဘဝ မြှင့်တင်ရေးအသင်းတွေ ဖွဲ့စည်းပေးဖို့ လိုအပ်ပါတယ်။

ကျေးလက်ဘဏ်တွေလည်း တည်ထောင်ပေးရပါမယ်။ နောင်တစ်ချိန် ကျေးရွာမှာရှိတဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးအသင်းကြီးတွေက ကျေးရွာပိုင် ဘဏ်အထိ ပြောင်းလဲဖြစ်ပေါ်လာစေရေး၊ ဒီလိုဖြစ်ပေါ်လာရေးအတွက်လည်း လိုအပ်ဥပဒေများ ပြဋ္ဌာန်းပေးရေးတွေကို ဆောင်ရွက်ပေးပါမယ်။

ကုန်စည်ထုတ်လုပ်တဲ့စီးပွားရေးပိုင်းမှာ

အလုပ်သမားများအတွင်း လူမှုစီးပွားမြှင့်တင်ရေးအသင်းတွေ တည်ထောင်ပေးရပါမယ်။ ကုန်ဈေးနှုန်းကို ဈေးကွက်က ထိန်းချုပ်ရာမှာ ဒီအသင်းတွေက အရေးပါတဲ့ နေရာယူနိုင်အောင် ဆောင်ရွက်ပေးရပါမယ်။

အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအထိ ဒီလိုအသင်းများ ဖွဲ့စည်းပေးရပါမယ်။ အောက်ခြေမှ ဗဟိုအဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး တွန်းအားပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများအရေးမှာ

တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အား လျော်စွာ မြန်မာနိုင်ငံသားတိုင်း ရရှိခံစားရမည့် အခွင့်အရေးအားလုံး အညီအမျှ ခံစားရရှိရေး အခြေခံပေါ်မှာ ပြည်ထောင်စု ညီညွတ်ခိုင်မာရေးကို အလေးထား ဆောင်ရွက်သွားပါမယ်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား-

ကျွန်တော်တို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဟာ

- လူထုတွေမပါဘဲ ဘာမျှ မလုပ်နိုင်၊
- ရွေးကောက်ပွဲတွေမပါဘဲ ဘာမျှမလုပ်နိုင်၊
- လူထုတွေကို ရွေးကောက်ပွဲမှ တစ်ဆင့် သင့်မြတ်တဲ့ နည်းလမ်းတွေနဲ့ သူတို့ကိုယ်စားလှယ်တွေ ရွေးချယ်ခွင့် ဖွင့်ပေးရမယ်စတဲ့ နိုင်ငံရေးလောကပါလတရားတွေကို ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ မြန်မာ့နိုင်ငံရေးသမိုင်း လိုအပ်ချက်အရ ပေါ်ပေါက်ဖြစ်တည်နေတဲ့ ဖွဲ့စည်းပုံတစ်ခုလို့ ရိုးရိုးကလေးမြင်ပါတယ်။ ကျွန်တော်တို့ဟာ မြန်မာ့နိုင်ငံရေးရဲ့ ပကတိ အခြေအနေမှန်ကို သူ့ရှိရင်းအတိုင်း လက်ခံဖို့ကလွဲလို့ တခြားနည်းလမ်းမရှိဘူးလို့ ယူဆပါတယ်။

ဒါ့ကြောင့် ဒီဖွဲ့စည်းပုံကိုကျောရိုးပြုပြီး ကျင်းပမယ့် ၁၁/၂၀၁၀ ရွေးကောက်ပွဲဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အပြီးသတ်နောက်ဆုံး ဒီမိုကရေစီပန်းတိုင် မဟုတ်သော်လည်း ပြည်ထောင်စုဝင် လူမျိုးအားလုံး မလွှဲမရှောင်သာ မဖြစ်မနေ ဖြတ်သန်းသွားရမယ့် နိုင်ငံရေးမှတ်တိုင်တစ်ခု၊ တစ်နည်းအားဖြင့် ဒီမိုကရေစီသို့ သွားရာကနဦးခြေလှမ်းတစ်လှမ်းတော့ ဖြစ်တယ်လို့ ရိုးရိုးသားသား ယူဆယုံကြည်ပါတယ်။ ဒီအမြင်ယုံကြည်ယူဆမှုကိုအခြေပြုပြီး လာမယ့် ၁၁/၂၀၁၀ ရွေးကောက်ပွဲမှာ ဒီမို-ငြိမ်းချမ်းပါတီဟာ တစ်ပြည်လုံးမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၈) နယ်ရယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၁)နယ်ရယ် စုစုပေါင်း မဲဆန္ဒနယ် (၉) နယ်မှာပဲ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား-

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဒီမို-ငြိမ်းချမ်းပါတီမှ မဲဆန္ဒရှင် လူထုကြီးထံ မေတ္တာမဲ၊ ကရုဏာမဲ တောင်းခံပါရစေ။

ဒီမို-ငြိမ်းချမ်းပါတီရဲ့ ပြဟ္မစိုရ်ဝါဒ အခြေခံဒီမိုကရေစီလမ်းစဉ်သည်သာ မြန်မာနိုင်ငံ ဒီမိုကရေစီပြန်လည်တည်ဆောက်ရေးအတွက် ကောင်းမြတ်သင့်လျော်ဆုံး ဖြစ်တာကြောင့်. . . . . ဒါ့အပြင်

ဒီလမ်းစဉ်ကို အကောင်အထည်ဖော်မယ့် ပါတီရဲ့ လုပ်ငန်းစဉ်တွေကလည်း တိကျပြတ်သားသလောက် ထိရောက်အောင်မြင်မှုတွေ ဆောင်ကြဉ်းလာမှာ မုချဖြစ်တာကြောင့်. . . . ဒါ့အပြင်

ဒီသဘောတရား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်မယ့် ပါတီကိုယ်စားလှယ်လောင်းတစ်ဦးစီရဲ့ နိုင်ငံရေး၊ စည်းရုံးရေးနဲ့ ခေတ်မီပညာအရည်အချင်း၊ အတွေ့အကြုံ၊ ဒီမိုကရေစီအပေါ် သစ္စာတရားခိုင်ခံ့စွာ စွန့်လွှတ်နစ်နာခံမှုတွေက မြင့်မားလှတာကြောင့်-

သူတို့ရဲ့ အရည်အချင်း၊ အတွေ့အကြုံ၊ သစ္စာတရား၊ စွန့်လွှတ်အနစ်နာခံမှုတွေကို အသိအမှတ်ပြုကြပြီး မဲဆန္ဒရှင်လူထုကြီး ရင်ထဲမှာရှိနေတဲ့ ပြင်းပြဆန္ဒ (Hidden desire) များကို ထုတ်ဖော်ချီးမြှင့်ကြပါမည့်အကြောင်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကိုယ်စား တည်ကြည်လေးနက်စွာ ရှင်းလင်းပန်ကြားတင်ပြအပ်ပါတယ်။

ယနေ့ရွေးကောက်ပွဲဟာ လူ့လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ ပြည်သူ့ဆန္ဒ ထုတ်ဖော်ပြသပွဲကြီး ဖြစ်ပါတယ်။ ဒီမိုကရေစီဝါဒနှင့် စနစ်ထွန်းကားရေးဟာ ပြည်သူလူထုအားလုံးရဲ့ ပြင်းပြတဲ့ဆန္ဒ၊ ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေဖြင့်သာ ဖြစ်နိုင်ပါတယ်။

ပြည်သူတစ်ရပ်လုံး တစ်စိတ်တည်း၊ တစ်သားတည်းဖြစ်မှ ယခု အားလုံးလိုချင်တဲ့ ဒီမိုကရေစီထွန်းကားမှာဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင် လူထုကြီးဟာ မိမိတို့ရဲ့ပိုင်ခွင့်ကို အသေအချာ အသုံးချကြစေလိုပါတယ်။

အထက်မှာ တင်ပြခဲ့သလို ကျွန်တော်တို့ ပါတီကိုယ်စားလှယ်လောင်းတွေ ဝင်ရောက်ယှဉ်ပြိုင်တဲ့ မဲဆန္ဒနယ် (၉)နယ်အပြင် အခြား ပြည်ထောင်စုတစ်ဝန်းလုံးက မဲဆန္ဒနယ်တွေမှာ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစီးပွား ဖွံ့ဖြိုးရေး၊ ညီညွတ်ခိုင်မာတဲ့ ပြည်ထောင်စုဖြစ်ပေါ်ရေးတွေအတွက် ကျွန်တော်တို့ပါတီနည်းတူ ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းတဲ့ ညီတော်၊ နောင်တော် ဒီမိုကရေစီပါတီတွေရဲ့ ငါစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲဆိုတဲ့ ကျဉ်းမြောင်းတဲ့အစွဲအမျိုးမျိုးကို ခွာနိုင်သူ ကိုယ်စားလှယ်များကိုလည်း ဆန္ဒမဲချီးမြှင့်ကြဖို့ တစ်ဆက်တည်း မေတ္တာရပ်ခံပန်ကြားတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

မိဘပြည်သူများအားလုံးကို ကျေးဇူးအထူးတင်ပါတယ် ခင်ဗျား။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃၀

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီနောင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ရဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ မူဝါဒ လမ်းစဉ်သဘောတရားနဲ့ လုပ်ငန်းစဉ်တွေကို မိဘပြည်သူများအား လေးစားစွာဖြင့် အကျဉ်းရုံးကာ အစီရင်ခံတင်ပြသွားပါမယ်။ အချိန်အနည်းငယ်အတွင်းမှာ တင်ပြရမှာဖြစ်တဲ့အတွက် ပြည့်စုံလုံလောက်မှုရှိမှာ မဟုတ်ပေမယ့် အမြော်အမြင် အတွေးအခေါ် မြင့်မားနေကြပြီဖြစ်တဲ့ ပြည်ထောင်စုဖွား ညီနောင်များအားလုံး ပြည့်ပြည့်ဝဝ တွေးခေါ်မြော်မြင်မိကြလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ကျွန်တော်များ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေး ပြည့်ဝစွာရရှိခံစားနိုင်မှသာလျှင် ခေတ်မီပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ထားပါတယ်။

ပြည်ထောင်စုအတွင်းမှာ လူမျိုးပေါင်းစုံတို့ဟာ ဘာသာတရားပေါင်းစုံကို လွတ်လပ်စွာကိုးကွယ်လျက် ဒေသပေါင်းစုံမှာ နေထိုင်ကြတဲ့အလျောက် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများဟာ ကွဲပြားခြားနားနေကြတာကို တွေ့ရပါတယ်။ ဒီကွဲပြားမှုတွေရှိနေကြတဲ့ လူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှုရရှိဖို့ဆိုရင် စိတ်သဘောထားပြည့်ဝမှု၊ စာနာထောက်ထားမှု၊ တစ်ဦးနှင့်တစ်ဦးကြား နားလည်မှု၊ မေတ္တာထားမှု၊ သစ္စာရှိမှုတို့နဲ့ ထုံမွမ်းတဲ့၊ ဖြူစင်တဲ့ စိတ်ကောင်းစေတနာဖြင့်သာလျှင် ရရှိနိုင်မှာဖြစ်ပြီး စစ်ခင်းခြင်း၊ နှိပ်ကွပ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ အနိုင်ကျင့်ခြင်းစတဲ့ လုပ်ရပ်တွေဟာ ဆိုးရွားတဲ့ ပြည်ထောင်စုပြိုကွဲရေး ရောဂါဆိုးများကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒီရောဂါဆိုးကြီးကို ပြည်ထောင်စုကြီးဆီသို့ မကပ်ရောက်စေဖို့အတွက် ဝိုင်းဝန်းကာကွယ် တွန်းလှန်သွားရမှာဖြစ်ပါတယ်။ ဒီရောဂါဟာ ဒီမိုကရေစီ ပန်းတိုင်ရောက်ဖို့အတွက် အဓိက အဟန့်အတားလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ခံယူထားတဲ့ ယုံကြည်ချက်အရ တရားမျှတ၍ လွတ်လပ်ပြီး စစ်မှန်သောဒီမိုကရေစီ ထွန်းကားမှသာ လူလူချင်းနှိပ်စက်အနိုင်ကျင့်မှုများကင်းစင်ပြီး ထာဝစဉ်အေးချမ်းတဲ့ပြဟ္မစိုရ်တရားထွန်းကားသော၊ စည်းလုံးညီညွတ်သော၊ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်သော၊ လူမျိုးပေါင်းစုံ စည်းလုံးပျော်ရွှင်စွာဖြင့် နေထိုင်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ပါတီဝင်တွေဟာ တူညီသောယုံကြည်ချက်၊ တူညီသောမျှော်လင့်ချက်၊ တူညီသောရည်မှန်းချက်တို့ ပေါင်းဆုံမိရာက စစ်မှန်သောစေတနာ၊ မွန်မြတ်သောရည်ရွယ်ချက်၊ ပြတ်သားသောဆုံးဖြတ်ချက်များဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဘုန်းမီးနေလ ထွန်းတောက်ဖို့ရန် ရှမ်းတိုင်းရင်းသားများအားလုံးနှင့် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသောသူများအားလုံးကို ကိုယ်စားပြုကာ တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ပါတီရဲ့ မူဝါဒသဘောထားကတော့ တရားမျှတ၍ လွတ်လပ်သော၊ စစ်မှန်သည့်ဒီမိုကရေစီထွန်းကားသော၊ လူလူချင်း အနိုင်ကျင့်မည့် ကြီးနိုင်ငယ်ညှဉ်းစရိုက်များ ကင်းရှင်းသော၊ ထာဝစဉ်အေးချမ်း၍ ပြဟ္မစိုရ်တရားထွန်းကားသော၊ လူမျိုးပေါင်းစုံချစ်ကြည်ရင်းနှီးပြီး စည်းလုံးညီညွတ်သော၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးမှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ အင်အားတစ်ရပ်အဖြစ်နဲ့ ရပ်တည်ရေးပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုကြီးအတွင်းမှာ တိုင်းရင်းသားညီအစ်ကိုများအားလုံးဟာ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်ခဲ့ကြသလို သူ့ကျွန်ဘဝအောက်ကနေ လွတ်လပ်ရေးရရှိဖို့အတွက်လည်း အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့ကြပါတယ်။

ပြည်ထောင်စုအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုတွေအားလုံး ချစ်ကြည်စည်းလုံးမှသာ ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးမှာဖြစ်သလို တိုင်းရင်းသားအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဂုဏ်သတင်း မွှေးပျံ့လာမှာဖြစ်ပါတယ်။ တိုင်းရင်းသားအချင်းချင်းကြား ရန်ဖြစ်၊ ငြင်းခုံ၊ တိုက်ခိုက်နေခြင်းဟာ ပြည်ထောင်စုကြီးကို အရုပ်ဆိုး အကျည်းတန်စေပြီး အကျိုးယုတ်စေပါတယ်။ ဒါကြောင့် ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာမှာ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခြင်းမှတစ်ပါး အခြား နည်းလမ်းမရှိနိုင်ပါ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ စစ်မှန်သော ငြိမ်းချမ်းရေးဖြင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ဂုဏ်သရေရှိစွာ ကမ္ဘာ့အလယ် ဦးမော့ခေါင်းထောင်နိုင်ရေးမှာ ဖြူစင်သောစေတနာ၊ ထက်သန်သောသဒ္ဓါတရား၊ ကောင်းမြတ်သောရည်ရွယ်ချက်နဲ့အတူ တစ်တပ်တစ်အား ပါဝင်အားဖြည့်ကာ ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇောက်ချဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ရဲ့ စီးပွားရေးမူဝါဒအနေနဲ့ နိုင်ငံသားတိုင်း၊ တိုင်းရင်းသားလူမျိုးတိုင်း စားဝတ်နေရေး ဖူလုံစေရေးကို ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပြီး ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာလည်း ကမ္ဘာ့ကုန်သွယ်ရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်စေရပါမယ်။ ဒေသတွင်း ကမ္ဘာ့နိုင်ငံများနဲ့အတူ အုပ်စုဖွဲ့ပြီး လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို မိမိ နိုင်ငံသားတွေရဲ့ အကျိုးအတွက် ပူးပေါင်းပါဝင် ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအားထားနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစီးပွားရေးကို အခြေခံတဲ့ နိုင်ငံဖြစ်လို့ လယ်ယာကဏ္ဍကို တိုးတက်အောင် လုပ်ပေးနိုင်မှသာ ကျန်တဲ့တခြားကဏ္ဍတွေပါ တိုးတက်မယ်လို့ ယုံကြည်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ရာခိုင်နှုန်းဟာ လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နေကြပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်စေရေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အရေးကြီးဆုံး ဆောင်ရွက်ပေးရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။တောင်သူလယ်သမားတွေအတွက် ကာလတို၊ ကာလရှည် ချေးငွေတွေရရှိနိုင်အောင် စီမံဆောင်ရွက်ပေးသွားပါမယ်။ တောင်သူလယ်သမားတွေဆီသို့ စပါးမျိုးကောင်းမျိုးသန့်တွေ ဖြန့်ဝေပေးနိုင်အောင်၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာတွေကို လက်လှမ်းမီအောင် ဆောင်ရွက်သွားပါမယ်။ တောင်သူလယ်သမားတွေရဲ့လူမှုဘဝ တိုးတက်သာယာအောင် ပံ့ပိုးကူညီသွားပါမယ်။

ပညာရေးကဏ္ဍမှာလည်း အခြေခံမူလတန်းပညာရေးကို မသင်မနေရ အခမဲ့ပညာရေးစနစ်အဖြစ် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ ပညာရေးစနစ်ဖြစ်အောင် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ တက္ကသိုလ်အဆောက်အအုံတွေနဲ့ လိုက်ဖက်ညီမယ့် အရည်အချင်းပြည့်ဝတဲ့ ဆရာ၊ ဆရာမတွေကို မွေးထုတ်ပေးနိုင်အောင်၊ သင်ထောက်ကူပစ္စည်း အလျှံပယ်သုံးခွင့်ရတဲ့ တက္ကသိုလ်ကျောင်းသားဘဝမျိုးကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ တိုင်းရင်းသားတိုင်း မိမိတို့ရဲ့ စာပေကိုထိန်းသိမ်းမြှင့်တင်နိုင်ရန် အားပေးကူညီသွားပါမယ်။ ကိုယ်သင်ယူလိုက်တဲ့ပညာဟာ ကိုယ့်ရဲ့အနာဂတ်ဘဝကို အာမခံချက်ပေးနိုင်မယ့် ပညာရေးမျိုးဖြစ်အောင် စီမံဆောင်ရွက်သွားပါမယ်။

ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး အစိုးရဆေးရုံတွေမှာ ဆေးရုံအင်္ဂါနဲ့ ညီညွတ်ပြည့်စုံရေး၊ ဆေးဝါးအလုံအလောက်ရရှိရေးကို ဖြည့်ဆည်းနိုင်အောင် ဆောင်ရွက်သွားပါမယ်။ ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍအလိုက် မြို့ပြနဲ့ ကျေးလက် အလှမ်းကွာဟမှုကို ကျဉ်းမြောင်းစေရန် ကျေးလက်ကျန်းမာရေးကိုလည်း ပိုမိုမြှင့်တင်ပေးသွားပါမယ်။

တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာ နယ်စပ်ဒေသနဲ့ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ တောင်ပေါ်ဒေသတွေမှာ အသက်မဆုံးပါးသင့်ဘဲ ဆုံးပါးနေရတဲ့ အခြေအနေတွေကို ပပျောက်စေဖို့ အကောင်းဆုံး ဆေးကုသမှုခံယူနိုင်စေရေး၊ ခေတ်မီဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး၊ အသက်သာဆုံး၊ အလွယ်ကူဆုံး၊ စရိတ်အကျဉ်းဆုံးဖြင့် ကုသမှုခံစားရရှိနိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

အလုပ်သမားကဏ္ဍမှာဆိုရင်လည်းပဲ အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိစေပါမယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေးအတွက် တရားဥပဒေဘောင်အတွင်းက အရေးဆိုပိုင်ခွင့် ရှိစေရပါမယ်။ အလုပ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိစ္စတွေမှာ ဩဇာအရှိန်အဝါသုံးပြီး ကြားဖြတ်ခန့်ထားတာတွေ၊ အခွင့်ထူးခံနည်းလမ်းတွေကို အသုံးပြုတာတွေကို ခွင့်ပြုမှာမဟုတ်သလို အရည်အချင်းစစ်ဆေးမှုအရ ခန့်အပ်မယ့်တာဝန်နဲ့ ထိုက်တန်သူကိုသာ အစဉ်အလိုက် မျှတစွာဖြစ်စေရပါမယ်။ တာဝန်နဲ့ အခွင့်အရေး၊ အလုပ်ချိန်၊ လုပ်ခလစာ၊ ခွင့်ရက်ခံစားခွင့်နဲ့ လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုအတွက် လျော်ကြေး စတာတွေကို ဥပဒေနဲ့အညီ မျှတစွာ ခံစားနိုင်ခွင့်ရှိစေရပါမယ်။ အငြိမ်းစားဝန်ထမ်းဘဝမှာ ကြောင့်ကြမှုကင်းပြီး စိတ်အေးချမ်းသာမှုရရှိအောင် စီစဉ်ဆောင်ရွက်သွားပါမယ်။ ယခင်နဲ့ယခု ကွာဟနေတဲ့ ပင်စင်လစာများကို မျှတမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ဝန်ထမ်းများနဲ့ ပတ်သက်ပြီး ဆုပေး၊ ဒဏ်ပေးစနစ်များကိုကျင့်သုံးကာ အကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်ချေမှုန်းသွားမှာ ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ သတင်းပြန်ကြားရေးခေတ်မီမှု၊ ဆက်သွယ်ရေးစနစ်လျင်မြန်မှု စတဲ့အကျိုးကျေးဇူးတွေနဲ့ ကင်းကွာနေရတဲ့ ကျေးရွာ၊ နယ်စွန်နယ်ဖျားတွေဖြစ်ကြတဲ့ ဝေးလံခေါင်းပါး ဒေသများကိုလည်း ပပျောက်သွားအောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ခင်ဗျား-

ဒေသဆိုင်ရာမငြိမ်သက်မှု၊ မငြိမ်းချမ်းမှု ကင်းစင်ပပျောက်စေရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးဟာ အထူးလိုအပ်ကြောင်း မိမိတို့အနေနဲ့ သဘောပေါက်နားလည်ထားတဲ့အလျောက် ထိပ်တိုက်ရင်ဆိုင်ခြင်း၊ ငြင်းခုံခြင်း၊ တိုက်ခိုက်ခြင်းများဟာ နိုင်ငံတော်ကိုလည်းကောင်း၊ တိုင်းရင်းသား ပြည်သူလူထုကိုလည်းကောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးကို လည်းကောင်း အကျိုးမပြုတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဖော်ဆောင်သွားမယ့်လုပ်ငန်းစဉ်တိုင်းဟာ မေတ္တာတရားကိုဆုပ်ကိုင်ပြီး တရားနည်းလမ်းတကျ ဦးတည်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် မကြာခင်ကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူတို့အနေနဲ့ မဲပေးမှားကြစေဖို့ အထူးမှာကြားလိုပါတယ်။ ဘယ်သူတွေဟာဖြင့် အချောင်သမားတွေဖြစ်တယ်၊ ဘယ်သူတွေက ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထမ်းရွက်ပေးမယ့် ဒီမိုကရေစီဘက်တော်သားတွေဖြစ်တယ်ဆိုတာကို ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှင့်စဉ်းစားပြီး မကြောက်မရွံ့ ရဲရဲတင်းတင်း ပြတ်ပြတ်သားသား မဲပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ မဲပေးခွင့်ရှိသူတိုင်း မဲပေးခြင်းအားဖြင့် မိမိတို့နိုင်ငံရဲ့ကံကြမ္မာကို ဆုံးဖြတ်ရာရောက်တဲ့အတွက် မိမိတို့ကိုယ်စီရဲ့ အဖိုးတန်မဲတစ်ပြားကို နိုင်ငံတည်ဆောက်ရေး၊ ကိုယ်နေထိုင်ရာဒေသ ကောင်းစားရေးအတွက် အကျိုးရှိရှိ အသုံးချကြပါလို့ ပြောကြားလိုပါတယ်။

ဒါကြောင့် အကောင်းဘက်သို့ပြောင်းလဲဖို့ ကျားဖြူပါတီကို မဲပေးစို့လို့ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

မြဝတီရုပ်မြင်သံကြား

၁-၁၀-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **သရဏဂုံတော်ကြီး**
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်းရောင်ထုံးမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိုင်းနှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ကိုရီးယားကျားသစ်များ** (အပိုင်း-၄)(ဇာတ်သိမ်း)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ **ရွှေ** ဟာသဇာတ်လမ်းတွဲ **ထိချက်ကယ်နာ** အိုင်းလောင်၊ ပန်းသော်တာ၊ နိုင်ဝင်း (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၁၁)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများဟောပြောချက်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရှင်သန်နေသောသီချင်းများ
- ၂၃။ မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၂၀)
- ၂၅။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
- ၂၆။ သင့်အတွက် မနက်ဖြန်
- ၂၇။ အပိုင်းနှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ကြာလေ တိုးတက် ကြီးလေ ရင့်ကျက်

တက္ကသိုလ်လှမောင်
(ရေတာရှည်)

သက်ကြီးရွယ်အိုတို့မှာလည်း အသက်ကြီးပြီး မရင့်ကျက်သေးတာတွေရှိသလို နိုင်ငံတွေမှာလည်း နိုင်ငံကြီးပြီး နိုင်ငံကြီးမဆန်တာတွေ ရှိတယ်။ ကြီးမှဖောက်ပြန် တစ်စစီလန်ထွက် လွင့်စဉ်ပျက်စီးသွားရတာတွေလည်း ရှိတယ်။ ကြီးမှကွဲအက် ပြန်ဆက်မရဖြစ်စဉ်တွေ ရှိပါတယ်။ နိုင်ငံကြီးတစ်နိုင်ငံဆို အကြီးကြီး၊ နယ်မြေအကျယ်ကြီး၊ ဒါပေမယ့် တစ်စစီပြိုပျက် ကွဲထွက်သွားခဲ့တာပဲ။ တချို့နိုင်ငံတွေလည်း တောင်နဲ့မြောက်ကွဲ၊ အရှေ့နဲ့အနောက်ကွဲပြီး ယခုထက်ထိ ပြန်ဆက်လို့ မရနိုင်သေးတာတွေလည်း မြင်နေရတာပါပဲ။

လူဆိုတာ အချိန်တွေကြာလာတာနဲ့အမျှ တိုးတက်လာရပါမယ်၊ အသက်တွေ ကြီးလာလေ ရင့်ကျက်တည်ငြိမ်လာလေ ဖြစ်သင့်ပါတယ်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နီးလာတော့ သက်ကြီးရွယ်အိုများ အကြောင်း ရေးချင်လာမိပါတယ်။ သက်ကြီးရွယ်အို အဘိုး၊ အဘွားတို့ စုဝေးကွန်းခိုရာ ဘိုးဘွားရိပ်သာများဆီသို့လည်း စိတ်ကရောက်သွားမိပါတယ်။ သက်ကြီးရွယ်အိုများဆိုတာ ရှည်လျားသောဘဝခရီးကို အကြာကြီး လျှောက်လှမ်းဖြတ်သန်းခဲ့ပြီးပါပြီ။ အဲဒီသက်ကြီးရွယ်အိုများဘဝတိုးတက်ရေးနဲ့ သူတို့ရင့်ကျက်တည်ငြိမ်အေးချမ်းလာရေးက အရေးကြီးပါတယ်။

ဘိုးဘွားရိပ်သာများတွင်တွေ့ရတတ်သည့် "သင်လည်း ဤသို့ အိုရအံ့" ဆိုသည့်လိုဂိုဆိုင်းဘုတ်ကြီးကလည်း လူတို့၏ သွားရာလမ်းကြောင်း မီးမောင်းထိုးပြနေပါတယ်။ ဇရာဆိုသည့်အိုခြင်းသဘောတရားက မည်သို့မှရှောင်ကွင်းသွားလို့ မရပါလား၊ ခန္ဓာကိုယ်ကြီး ယိုယွင်းအိုမင်းသွားတဲ့အခါ အားလုံးလှည်းအိုကြီးလို ယိုင်နဲ့ပျက်စီးကုန်ပြီ၊ နေဝင်ချိန်ရောက်ပြီ၊ မကြာခင် နေမင်းကြီးငုပ်လျှိုးပျောက်ကွယ်သွားတော့မည်၊ ဇရာပြီးတော့မရဏ၊ ဒီတော့ သင် မရဏမရောက်ခင် ဒီကာလ ဒီအချိန်မှာ ဘာလုပ်မည်နည်း။

အားကိုးရာမဲ့ဆိုတိုင်းလည်း သက်ကြီးရွယ်အိုတို့ ဘိုးဘွားရိပ်သာသို့ ရောက်မလာနိုင်ကြပါ။ လူအမျိုးမျိုး နတ်အထွေထွေဆိုသည့်အတိုင်း ကိုယ့်ကံကြမ္မာ ကိုယ့်ဇာတာ အမျိုးမျိုးရှိနေတော့ ဖြစ်သင့်ဖြစ်အပ်သည့် အရာတိုင်းလည်း ဖြစ်မလာကြပါ။

တစ်နေ့ ကျွန်တော့်သားတစ်ယောက် ရွှေတိဂုံဘုရားရောက်တော့ ရင်ပြင်ပေါ်မှာ ခေါင်းမွေးတွေဖြူဆွတ်ဖွေးလို့ ဆင်းရဲပင်ပန်းချို့တဲ့နွမ်းလျနေတဲ့ အဘွားအိုတစ်ယောက်ကို တွေ့ပါသတဲ့-

"အဘွားကြည့်ရတာ ဆင်းရဲလိုက်တာ၊ အဘွားကို ကျွန်တော် ဘိုးဘွားရိပ်သာပို့ပေးမယ်၊ အဲဒီမှာ အေးအေးချမ်းချမ်းနေပါလား အဘွား"

"အိုး-ငါကဘာလို့ဘိုးဘွားရိပ်သာသွားရမှာလဲ၊ အဲဒီကိုသွားတဲ့လူတွေက အလုပ်လုပ်မစားချင်တဲ့ လူပျင်းတွေသာ သွားတာ၊ ငါကလုပ်စားတတ်တာပဲ" တဲ့။

ဘိုးဘွားရိပ်သာရောက်ပြန်လည်း ဘုရားဝတ်မတက်ချင်လို့၊ အမျှမပေးဝေချင်လို့၊ စည်းကမ်းနဲ့မနေချင်လို့ပြန်ထွက်ခွာသွားတဲ့အဘိုးအဘွားတွေလည်းရှိတတ်ပါတယ်။ ဒီတော့ ဘိုးဘွားရိပ်သာမှာ တရားနဲ့မွေ့လျော်ပျော်ပိုက်သူများသာ နေပျော်ပါတယ်။ တရားနှင့်ပျော်ပိုက်သူများအဖို့တော့ဘိုးဘွားရိပ်သာဆိုတာ တကယ့်ကွန်းခိုလဲလျောင်းရာစခန်းထောက်ကြီး ဖြစ်နေပါတယ်။ တကယ်တော့လည်း တရားနှင့်နေတတ်ပြီဆိုလျှင် နေရာတိုင်းဟာ ပဋိရူပဒေသအရပ်ချည်းသာပါပဲ။ တရားရှိသူအဖို့ ဘာဆိုဘာမှ အခက်အခဲ မရှိတော့ပါ။ ဘယ်လို ပင်ပန်းဆင်းရဲမျိုးမှ မရှိနိုင်တော့ပါ။ တရားဆိုတာ ပကတိ အေးငြိမ်းချမ်းသာမှုကိုသာ ပေးပါတယ်။ လက်တွေ့ကျင့်ကြံပွားများသူများအဖို့ ဒိဋ္ဌလက်ငင်း အကျိုးကျေးဇူးများ ခံစားရတာ တရားပါပဲ။ အချိန်ကာလ ဒေသမရွေး တရားရှိသူတိုင်း ကိုယ်စီကိုယ်င အကျိုးခံစားရတာ တရားပါပဲ။

ဒီတော့ ဘိုးဘွားရိပ်သာများက သက်ကြီးရွယ်အိုများသည် တရားနှင့် ပျော်နေသူများပါ။ အမျှပေးဝေသံတွေ လွှမ်းနေပါတယ်။ ရောက်လာသူတိုင်းစိတ်ကြည်နူးချမ်းသာသွားစေပါတယ်။ ဘိုးဘွားများက ကျန်းမာချမ်းသာကြပါစေ မေတ္တာဝေသံလေးတွေ တငြိမ့်ငြိမ့်၊ ပီတိစိတ်ကလေးတွေ တသိမ့်သိမ့်နှင့်။

အရည်အသွေးတို့စုဝေးရာ ဘိုးဘွားရိပ်သာဟုပင် ဆိုချင်ပါတယ်။ အဘိုးအဘွားတို့ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာရေး စေတနာဖြင့် တစ်နေ့မှာ စေတနာရှင်အပေါင်းမှ ဓမ္မရသ စာအုပ်စာပေ အုပ်ရေ ၅၀၀ ကျော်ကို လှူဒါန်းခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော် တတ်နိုင်သမျှ စာကြည့်ဆောင်အတွက် အလှူငွေကျပ် တစ်သိန်းပေးလှူခဲ့ပါတယ်။ အရည်အသွေး အရည်အချင်းသည် အရေးကြီးလှပါတယ်။ အခုလို အရည်အသွေး၊ အရည်အချင်း၊ ဂုဏ်ဒြပ် ၊ အကျင့်သီလကြီးမားသူများကို ကြည်ညိုခွင့်ရတာ အကျိုးကျေးဇူး ပိုမိုကြီးမားပါတယ်။ သီလဝန္တပုဂ္ဂိုလ်က သီလမရှိသူထက် ပိုမြင့်မြတ်ပါတယ်။ စည်းကမ်းရှိသူကို လေးစားမလား၊ ပရမ်းပတာ စည်းမဲ့ကမ်းမဲ့အဖွဲ့များကို အားပေးမလား။

လူတွေနှင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဆိုသည်မှာလည်း လူတွေ၏ သဘောတရားအတိုင်းပင်ဖြစ်ပါတယ်။ အဘိုးအဘွားများကို ချစ်တတ်မှ အဘိုးအဘွားတို့ ပေးထားခဲ့တဲ့အမွေတွေကို တန်ဖိုးထားတတ်မှာပါ။ ကျွန်တော်တို့ နိုင်ငံကြီးလည်း သက်တမ်းနှစ်ထောင်ချီခဲ့ပါပြီ။ သူ့ကိုချစ်တတ်မှ သူက နှစ်ပဒိုစ္ဆေဒ ကြာမြင့်စွာ ကမ်းလှမ်းခဲ့တဲ့ အမွေတွေကို တန်ဖိုးထားတတ်မှာ၊ ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေဖြစ်မှာပါ။

နိုင်ငံတကာမှာလည်း သက်ကြီးရွယ်အိုများရှိနေပါတယ်။ သူ့နိုင်ငံနှင့်သူ၊ သူ့ဘိုးဘွားနှင့်သူ၊ သူ့အမွေအနှစ်နှင့်သူ၊ သူ့တန်ဖိုးနှင့်သူပါပဲ။ သူတို့နိုင်ငံတွေမှာလည်း Aged Old Centre ခေါ်တဲ့ သက်ကြီးရွယ်အိုဂေဟာတွေ ရှိပါတယ်။ ဒါပေမယ့် သူတို့ဆီမှာက အခကြေးငွေပေးပြီး မှီခိုနေရတာတွေရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ စေတနာရှင်တွေရဲ့ ပံ့ပိုးလှူဒါန်းမှုတွေနဲ့ စိတ်ချမ်းချမ်းသာသာနဲ့ နေရပါတယ်။

နောက်ပြီး အဘိုးအဘွား၊ အမိအဖ၊ ဦးကြီးဒေါ်ကြီး သက်ကြီးရွယ်အိုများကို သားသမီးများနှင့်အတူ တစ်အိမ်တည်းမှာပင် အတူတကွ စောင့်ရှောက်ထားကြပါတယ်။ ဗြဟ္မစိုရ်တရားနှင့်အညီ နေထိုင်ကြတာ ကျွန်တော်တို့မြန်မာတွေရဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်။ သက်ကြီးရွယ်အိုနှင့် သားသမီးကြားမှာ အပြန်အလှန် မေတ္တာတွေ ပို့သပွားများကြပါတယ်။ သနားကရုဏာ အကြင်နာတရားတွေထားကြပါတယ်။ ကျန်းမာချမ်းသာနေတာမြင်ရရင် မုဒိတာတရားဝင်ကြပါတယ်။ ကံကို ယုံကြည်သူများဖြစ်သည့်အလျောက် လောကဓံတရားအပေါ် ဥပေက္ခာစိတ်နဲ့ ရှုမြင်တတ်ကြပါတယ်။ ဒီတော့ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကိုသနားဆိုတာ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအစစ်ပါ။ ဒီတော့ ကျွန်တော်တို့ဆီက သက်ကြီးရွယ်အိုများဘဝက အခြေအနေ အတော်ကောင်းပါတယ်။ နိုင်ငံတိုင်းမှာ ဒီလိုအခြေအနေမျိုး မရှိနိုင်ပါဘူး။

ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုများနေ့ သတ်မှတ်ပြီး သက်ကြီးရွယ်အိုများကို စာနာထောက်ထား ကရုဏာထားတတ်အောင် သတ်မှတ်ဆောင်ရွက်နေတာဟာ ချီးကျူးဂုဏ်ယူဖွယ်၊ ကြိုဆိုဖွယ် ဖြစ်ပါတယ်။

ကျွန်တော်တို့အဘိုးအဘွားများက တိုးတက်တဲ့၊ ရင့်ကျက်အေးချမ်းတဲ့ ပန်းတိုင်အစစ်အမှန်ကြီးကို ဦးတည်ထားကြပါတယ်။ လူ့ဘဝဆိုတာ ရည်ရွယ်ချက်၊ ရည်မှန်းချက် ပန်းတိုင်အတိအကျရှိရပါမယ်။ ရည်မှန်းချက်တွေလည်း တိမ်းချော်၊ ပန်းတိုင်တွေလည်းပျောက်၊ လမ်းစဉ်တွေတိမ်းမှောက်နေကြရင်ဖြင့် အရှုပ်တော်ပုံသံသရာကြီးက လွတ်မြောက်နိုင်ကြတော့မှာ မဟုတ်ပါဘူး။

တိုင်းပြည်က နုနု မုန်တိုင်းကထန်ထန် ငယ်စဉ်ကာလ လှိုင်းတံပိုးဒဏ်ခံခဲ့ရလည်း ကြီးရင့်ချိန်ရောက်ခါ တည်ငြိမ်လာရပါတော့မယ်။ အဘိုးအဘွားတို့ ငယ်စဉ်အခါတုန်းက လောကဓံတရားခါးစည်းခံခဲ့ရလည်း ယခုအချိန်မှာတော့ တရားဘာဝနာအေးရိပ်မှာ မှေးမှိတ်နိုင်ကြပါပြီ။ မျိုးဆက်သစ် လူငယ်သားသမီး မြေးမြစ်တို့က အဘိုးအဘွားတို့ကို ပြုစုစောင့်ရှောက်သွားလိမ့်မည်ဟုလည်း ယုံကြည်နေမိပါတယ်။

တိုင်းပြည်ဆိုတာလည်း ကြာလေတိုးတက်၊ ကြီးလေရင့်ကျက် ဖြစ်ရပါမယ်။ တိုးတက်တယ်ဆိုတာ ဘာကို ခေါ်တာလဲ။ တိုးတက်တယ်ဆိုတာ ဆူပွက်မှုမရှိတာကို ခေါ်ချင်ပါတယ်။ ဆူပွက်မှုမရှိတဲ့နိုင်ငံမှ တိုးတက်ရေးလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ပါမယ်။ ဆူပွက်ခြင်းဆိုတာ ရင့်ကျက်တည်ငြိမ်အေးချမ်းမှုနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဆူပူမှုရှိရင် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု မရနိုင်ပါ။ ဆူပွက်ခြင်းက နုနယ်ငယ်ရွယ် အသိမကြွယ်သေးတဲ့ သဘော၊ တည်ငြိမ်ရင့်ကျက်ခြင်းက လူကြီးတို့ရဲ့ လက္ခဏာ၊ ဆူညံပွက်လောထမှုက ရင့်ကျက်လိုသူတို့ရဲ့ ရန်သူအနှောင့်အယှက်၊ ငယ်နုစဉ်အခါက မုန်တိုင်းထန်ခဲ့တာ မလွဲမရှောင်သာတဲ့ ဖြစ်စဉ်အကြောင်းတရားတွေလည်း ရှိခဲ့ပါတယ်။ ဥပမာ - ကိုလိုနီကျွန်ဘဝမှာ ဆန့်ကျင်တော်လှန် အုံကြွဆူပူသပိတ်မှောက်မှုတွေက လွှဲရှောင်လို့မရနိုင်ပါဘူး။ သို့သော် လွတ်လပ်ရေးရပြီးခါမှာတော့ ဆူပူမှုတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေ မလိုအပ်တော့တာ အမှန်ပါပဲ။ တည်ငြိမ်ရပါတော့မယ်။ တိုးတက်ပါတယ်ဆိုပြီး ဆူပွက်နေတဲ့နိုင်ငံကြီးတွေလည်းရှိရဲ့။ လောဘသားကောင်တွေ၊ ကိုယ်ကျင့်တရားချွတ်ခြုံကျနေတဲ့ လူတွေရဲ့ တိုးတက်မှုဆိုတာ အားကျစရာလား။ ကျွန်တော်တို့ကတော့ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုတွေကို စိတ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားမှုတွေနဲ့ အကောင်အထည်ဖော်သွားတာကိုပဲ လိုလားပါတယ်။ ကိုယ်ကျင့်သီလကောင်းမွန်ရေးကို ပန်းတိုင်ထားမှ ဆူပွက်မှုတွေ ငြိမ်းအေးသွားနိုင်ပါတယ်။

တိုင်းပြည်ရဲ့ သမိုင်းဆိုတာ လူတွေရဲ့ သမိုင်းပါပဲ။ လူတွေ ရင့်ကျက်လာကြသလို တိုင်းပြည်လည်းရင့်ကျက်တည်ငြိမ်လာရပါတယ်။ အေးချမ်းတယ်ဆိုတာ သက်ကြီးရွယ်အိုများရဲ့ဂုဏ်ပါ။ အမေရိကန်နိုင်ငံဆိုတာ ကုန်းဘောင်အစဦးအောင်ဇေယျလက်ထက်ကျမှတိုင်းပြည်ရယ်လို့ပေါ်လာတာပါ။ မြန်မာနိုင်ငံက သူ့ထက်သက်တမ်းရင့်ပါတယ်။ သူ့ထက်ပိုရင့်ကျက်ပါတယ်။ သူ့ထက်သမိုင်းကြောင်းရှည်လျားပါတယ်။ သူ့ထက် ယဉ်ကျေးမှုသိပ်သည်းပါတယ်။ စိတ်ပိုင်းဆိုင်ရာ မြင့်မားမှု၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကောင်းမြတ်မှု၊ တည်ငြိမ်အေးချမ်းမှုတွေမှာ သူ့ထက်ပို တိုးတက်ပါတယ်။ ကိုယ့်တန်ဖိုး ကိုယ် သိဖို့လိုပါတယ်။ ဒီကောင်းမြတ်တဲ့ နိုင်ငံ့ဂုဏ်သိက္ခာတွေကို ထိန်းကြရမှာပါပဲ။ ကမ္ဘာကဒေါက်ထောက်ကြည့်နေတဲ့မျက်လုံးပေါင်းများစွာရဲ့ ရှေ့မှာ နိုင်ငံ သိက္ခာကျစေမယ့်လုပ်ရပ်တွေ သိမြင်ရှောင်ကြဉ်နိုင်ဖို့ လိုပါတယ်။

သက်ကြီးရွယ်အိုတို့မှာလည်း အသက်ကြီးပြီး မရင့်ကျက်သေးတာတွေရှိသလို နိုင်ငံတွေမှာလည်း နိုင်ငံကြီးပြီး နိုင်ငံကြီးမဆန်တာတွေ ရှိတယ်။ ကြီးမှဖောက်ပြန် တစ်စစီလန်ထွက် လွင့်စဉ်ပျက်စီးသွားရတာတွေလည်းရှိတယ်။ ကြီးမှကွဲအက် ပြန်ဆက်မရဖြစ်စဉ်တွေရှိပါတယ်။ နိုင်ငံကြီးတစ်နိုင်ငံဆိုအကြီးကြီး၊ နယ်မြေအကျယ်ကြီး၊ ဒါပေမယ့် တစ်စစီ ပြိုပျက်ကွဲထွက်သွားခဲ့တာပဲ။ တချို့နိုင်ငံတွေလည်း တောင်နဲ့မြောက်ကွဲ၊ အရှေ့နဲ့အနောက်ကွဲပြီး ယခုထက်ထိ ပြန်ဆက်လို့မရနိုင်သေးတာတွေလည်း မြင်နေရတာပါပဲ။

ချုပ်ရရင် သက်ကြီးရွယ်အိုတို့ဘဝ လှပသာယာ အေးချမ်းတည်ငြိမ်စေချင်ပါတယ်။ သက်ကြီးရွယ်အိုတို့ရဲ့ဘဝကို စောင်းငဲ့ကြည့်ကာ ကူညီပါဟုဆိုချင်ပါတယ်။ လူအိုဘဝအကြောင်း လူအိုဖြစ်မှသိပါလိမ့်မယ်။ နိုင်ငံ့ဘဝအကြောင်း နိုင်ငံချစ်မှသိပါလိမ့်မယ်။ အမှောင်ဘဝအကြောင်း အလင်းတွေရမှ သိပါလိမ့်မယ်။

မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေ့ရင်သိလိမ့်မယ်၊
ကြင်နာခြင်းရဲ့အဓိပ္ပာယ် ခွင့်လွှတ်ကြရင်သိလိမ့်မယ်၊
ဒို့ ဒို့ ဒို့တွေ ကြိုးစားကြရမယ်၊
ဒို့ ဒို့ ဒို့တွေ စည်းလုံးကြရမယ်၊
ဒို့ ဒို့ ဒို့တွေ ပေါင်းစည်းကြရမယ်၊
ဒို့ ဒို့ ဒို့တွေ တိုးတက်ကြရမယ်၊
ဒို့ ဒို့ ဒို့တွေ ရင့်ကျက်ကြရမယ်။ ။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လုပ်ငန်းညှိနှိုင်း စည်းဝေး

ပဲခူး စက်တင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ကြီးမှူး၍ စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အမှတ်(၅၄၈)၊ ရုံးလမ်း တိုင်းအသင်းရုံးတွင် သုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးသောင်းအေး (ငြိမ်း)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး ရဲမှူးမြင့်သိန်း(ငြိမ်း)က ဆောင်ရွက်သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်း လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှု ပပျောက်ရေး ဆွေးနွေးကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက ရှေ့လုပ်ငန်းစဉ်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရှိရသည်။

(မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း)

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှု

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် အရိုးကုန်းရပ်ကွက်လုံးကျွတ် ဒုတိယအကြိမ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းကို စက်တင်ဘာ ၁၅ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (ဝဓ)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ညနေ ၄ နာရီ ၂၅ မိနစ် ၂၄ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၈၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေး) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၃၀

ယမန်နေ့ည ၁၁ နာရီ မိနစ် ၅၀ ၂၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၉၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ပါပူဝါတောင်ပိုင်းဒေသအနီး)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း နိုင်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၀ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စု သမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟင်နရီ အိုဒင် အဂျူမိုဂိုဘီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာကို့စ် ကီပရီယားနူးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒေါက်တာ ပါအိုလို ဘာတိုရဲလီအား အီတလီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီတလီနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် ဒေါက်တာပါအိုလို ဘာတိုရဲလီအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

ဒေါက်တာပါအိုလို ဘာတိုရဲလီသည် ၁၉၆၇ခုနှစ် မေ ၁၅ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ရောမတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ယနေ့အထိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စပိန်နိုင်ငံ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံတို့ရှိ အီတလီသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အီတလီ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာ ညွှန်ကြားမှုဦးစီးဌာန၌ လက်ရှိတာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။

(သတင်းစဉ်)

သီတင်းကျွတ်အကြို ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်၌ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည် ရောင်းချ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓမ္မစေတီလမ်း ပြည်သူ့ရင်ပြင်ရှိ Happy Zone ၌ သီတင်းကျွတ်အကြို ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။ အထူးဈေးရောင်းပွဲတော်တွင် EMP Co.,Ltd. မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက် ခေါင်းလျှော်ရည်တို့ကို ပြသရောင်းချမည် ဖြစ်သည်။

Boneal ဒဏ်ကြေလိမ်းဆေးသည် ရှားပါး၍ အစွမ်းထက်မြက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် အကြောရောဂါအမျိုးမျိုးကြောင့်ဖြစ်တတ်သော ရောဂါများ၊ ပခုံးကပ်ခြင်း၊ ဒူးနာခြင်း၊ ဒူးကိုက်ခြင်း၊ ခါးကိုက်ခြင်း၊ လေးဖက်နာရောဂါ၊ လေငန်းရောဂါအမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အိုးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း ဝေဒနာများကို ပျောက်ကင်းစေသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ရနေသူများ သုံးစွဲနိုင်ရန် အမြဲဆောင်ထားသင့်သည်။ ထို့အပြင် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါသောကြောင့် ကျား/မ မရွေး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည်။

အထူးဈေးရောင်း ပွဲတော်တွင် Haicneal ဗောက်ပျောက်ခေါင်းလျှော်ရည်ကိုပါ ပြသရောင်းချမည် ဖြစ်သည်။ ဗောက်ထခြင်းသည် မှိုရောဂါတစ်မျိုးကြောင့်ဖြစ်သည်။ Pityrosporum မှိုကြောင့် ဗောက်ထခြင်းသည် သာမန်ခေါင်းလျှော်ရည်များနှင့် ကုသပျောက်ကင်း၍ မရပါ။ ထို့ပြင် ပြခန်းတွင် ဝက်ခြံပျောက်ဆေးကိုပါ ရောင်းချမည်ဖြစ်သည်။ ဝက်ခြံပေါက်ခြင်းသည် ဆယ်ကျော်သက်လူငယ် လူရွယ်များတွင် အဖြစ်များသကဲ့သို့ အသက်အရွယ်မရွေး မကြာခဏကြုံတွေ့ရသဖြင့် ကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းကို အရောင်းပြခန်း၌ ပြုလုပ်မည်ဖြစ်သည်။

Boneal နှင့် Haicneal တို့ကို မှာယူလိုပါက EMP Co., Ltd. အမှတ် (၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၀၃၀၀၈၊ ၀၁-၇၃၀၃၇၁၉၄ နှင့် ၀၁-၇၃၀၃၇၁၉၆၊ မန္တလေး ဖုန်း-၀၂-၃၁၃၆၁ နှင့် ၀၉-၆၅၀၀၅၉၇၊ တောင်ကြီး ဖုန်း-၀၉-၄၉၃၅၀၆၆၄၊ လားရှိုး ဖုန်း-၀၉-၄၇၃၀၁၄၃၁နှင့် မုံရွာ ဖုန်း-၀၉-၂၀၆၂၄၁၉၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့ရင်ပြင် Happy Zone ရှိ သီတင်းကျွတ်အကြိုပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်တွင် EMP Co., Ltd. မှ Boneal ဒဏ်ကြေလိမ်းဆေးနှင့် Haicneal ဗောက်ပျောက် ခေါင်းလျှော်ရည်တို့ကို ပြသရောင်းချစဉ်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဒေသကြီးအမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

၂၀၁၀ ခုနှစ် (၁၅) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယ အဆင့် အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့တွင် တောင်ငူဇုန်နှင့် ပဲခူးဇုန်တို့၌ ဆက်လက်ကျင်းပရာ တောင်ငူဇုန်တွင် ကျင်းပသောပွဲစဉ်၌ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပဲခူးဇုန်တွင် ကျင်းပသော ပွဲစဉ်၌ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီမြို့နယ်ဆေးရုံသို့ အောက်ဆီဂျင်စက် လှူဒါန်း

တနင်္သာရီ စက်တင်ဘာ ၃၀

တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ၎င်းဆေးရုံခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်က ဝမ်းမြောက်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်သက်က ၎င်း၏နှစ်(၅၀) ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်စက် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး အလှူရှင် အင်ဂျင်နီယာမှူးကြီး ဦးခင်သက်နှင့်ဇနီး ဒေါ်ခင်သိန်းရီ မိသားစုတို့က အောက်ဆီဂျင်စက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။ ယင်းနောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)

မြေယာရှင်းအလု ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ဝင်မုခ်ဦး (ဝိုင်းမော်ဘက်ခြမ်း) မြေယာရှင်းအလု ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ပဲခူးမြို့ ဥဿာမြို့သစ်(၈)ရပ်ကွက်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အနောက်ဘက်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ထိခိုက်သေဆုံးဒဏ်ရာရရှိမှု မရှိ

ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၃၀

ပဲခူးမြို့ ဥဿာမြို့သစ်(၈)ရပ်ကွက်ရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အနောက်ဘက်၌ စက်တင်ဘာ ၂၉ ရက်ညတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ လူထိခိုက် သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၉ နာရီ ၁၅ မိနစ်ခန့်အထိ ရပ်ကွက်ဥက္ကဋ္ဌ၊ ဆယ်အိမ်မှူးနှင့် တာဝန်ရှိသူများသည် ရပ်ကွက်ရုံး၌ ရုံးလုပ်ငန်းများဆောင်ရွက်ပြီး ပြန်သွားခဲ့ကြောင်း၊ ထို့နောက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် ရုံးအနောက်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားပြီး အုတ်နံရံမှာ တစ်ပေပတ်လည်ခန့် အပေါက်ဖြစ်သွားခဲ့ကာ ရုံးပြတင်းပေါက်မှန်နှစ်ချပ် ကွဲသွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာသို့ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ TNT ယမ်းအမျိုးအစားဖြင့် ပြုလုပ်ထားသည့် ချိန်ကိုက်လက်လုပ်မိုင်းဖြစ်ကြောင်း၊ ရပ်ကွက်ရုံးအဆောက်အအုံ အနောက်ဘက် အုတ်နံရံ၏ အပြင်ဘက်တွင် အနီးကပ်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စက်တင်ဘာ ၈ ရက်တွင် သထုံမြို့နယ် ဒိုးဝန်းကျေးရွာအုပ်စုရှိ လယ်ကွင်းအတွင်း စိုက်ထူထားသည့် လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီးရန်ကြိုးပမ်းမှုနှင့် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ရထားလမ်းခုံးကျော်လူကူးသစ်သားတံတားပေါ်၌ ထောင်ထားသည့် ချိန်ကိုက်မိုင်းတစ်လုံးတို့ကို အချိန်မီရှင်းလင်း ဖယ်ရှားခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့ရာ ယခုဖြစ်စဉ်သည်လည်း အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုနှင့် အကြမ်းဖက်ဆူပူမှုများဖြစ်ပွားပြီး မကြာမီ ကျင်းပတော့မည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်နေခြင်း တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

အချိန်မီသတင်းပို့

သို့ဖြစ်၍ ၎င်းတို့၏ အဖျက်အမှောင့်လုပ်ရပ်များ အချိန်မီ ဟန့်တား၊ ဖယ်ရှား၊ ရှင်းလင်းနိုင်ရန်အတွက် ပြည်သူများအနေဖြင့် မသင်္ကာဖွယ်ရာတွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည့်အားလျော်စွာ ဓာတ်မြေသြဇာလိုအပ်ချက်ကြီးမားလာ ဓာတ်မြေသြဇာလိုအပ်ချက် ဖြည့်ဆည်းရေးအတွက် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)တို့ ထပ်မံတည်ဆောက်

◆ **ရွှေဖုံးမှ**

အိုးဘိုကျေးရွာအနီးရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း(ပုသိမ်)သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စီမံကိန်းရှင်းလင်းဆောင်ရှိ စက်ရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ အဆောက်အအုံများတည်ဆောက်ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်လည်ပတ်ပြီးစီးမှု အခြေအနေ၊ Water Plant၊ Utilities၊ Ammonia Plant နှင့် Urea Plant တို့၌ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် လက်ရှိကာလတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည့် အားလျော်စွာ ဓာတ်မြေသြဇာလိုအပ်ချက် ကြီးမားကျယ်ပြန့်လာခဲ့ကြောင်း၊ အဆိုပါ ဓာတ်မြေသြဇာ လိုအပ်ချက်ကို အထောက်အကူပြုဖြည့်ဆည်းနိုင်ရေးအတွက် အမှတ်(၄)ဓာတ်မြေသြဇာ စက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေသြဇာ စက်ရုံ(ပုသိမ်)တို့ကို ထပ်မံတည်ဆောက်ခဲ့ကြောင်း။

ဤစက်ရုံ တည်ဆောက်မှုလုပ်ငန်းများမှာ ယခုအခါ ၉၃ ဒသမ ၉၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ စက်ရုံ စတင်လည်ပတ် ထုတ်လုပ်နိုင်သည်နှင့် စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ရေးနည်းပညာစဉ်အဆင့်ဆင့်တို့ကို အခြေခံမှစ၍ ကျွမ်းကျင်စွာ နားလည်တတ်မြောက်ထားရေး၊ စက်မှုပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် စနစ်တကျလေ့ကျင့် သင်ကြားထားရေးနှင့် စက်ရုံလုံခြုံရေးစသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

စက်ရုံစတင်တည်ဆောက်စဉ်ကပင် စက်ရုံမှ စွန့်ပစ်ရေများကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်မည့် အစီအမံများ စီစဉ်ထည့်သွင်း တည်ဆောက်ထားသကဲ့သို့ စက်ရုံဝန်ထမ်းများကိုယ်တိုင်ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ပမှ နည်းပညာနှင့် အတတ်ပညာရှင်များအား အသုံးပြုနေရသည့် အဆင့်မှ ကိုယ်တိုင်တပ်ဆင် တည်ဆောက်နိုင်သည့် အဆင့်၊ ကိုယ်တိုင်တီထွင်ကြံဆ ထုတ်လုပ်နိုင်သည့် အဆင့်အထိ ရောက်ရှိအောင် လေ့လာကြံဆသွားကြရမည်ဖြစ်ကြောင်း။

ဤစက်ရုံကြီး အချိန်စောနိုင်သမျှ စောကာ လည်ပတ်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ဓာတ်မြေသြဇာ လိုအပ်ချက်ကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ အထူးကြိုးစား အားထုတ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအဆောက်အအုံများအတွင်း စက်များတပ်ဆင်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါဓာတ်မြေသြဇာစက်ရုံစီမံကိန်းကို ၂၀၀၄ ခုနှစ် မတ် ၂၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ စမ်းသပ်လည်ပတ်နိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက စက်ရုံမှ တစ်ရက်လျှင် ယူရီးယားတန် ၅၀၀နှင့် အမိုးနီးယား၃၂၅တန် ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ အိမ်မဲမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အိမ်မဲမြို့မှ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ဒေသအခြေအနေကို မေးမြန်းဆွေးနွေး၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်နေသည့် ဘဲဂရက်(ပုသိမ်)-အိမ်မဲ-ညောင်တုန်း-လှိုင်သာယာ(ရန်ကုန်) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာရုံး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမျိုးဝင်းက လမ်းပိုင်းဆိုင်ရာ အခြေအနေ၊ ရထားလမ်းအူကြောင်းကို လမ်းပိုင်းအလိုက် ဖောက်လုပ်နေမှု၊ ရထားလမ်းတာပေါင်ကို Geotextile အသုံးပြု၍ ပြုပြင်တည်ဆောက်နေမှုနှင့် တံတားများ တည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က သိလိုသည်များကို ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အိမ်မဲမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အိမ်မဲမြို့မှ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ဝန်ကြီးများက ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိမ်မဲမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ အနှစ်(၃၀) နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များတွင် သိပ္ပံပညာရပ်များကို ဦးစားပေးသင်ကြားနိုင်ရေး ထည့်သွင်းရေးဆွဲထားသကဲ့သို့ အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင်လည်း စနစ်တကျရေးဆွဲချမှတ်ထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာလာစေရေး၊ နိုင်ငံ၏သမိုင်းကြောင်းနှင့် ပထဝီဝင် အချက်အလက်များ သိရှိနိုင်စေရေးတို့အတွက် ဝိဇ္ဇာပညာရပ်များ သင်ယူရန်လိုအပ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် အထောက်အကူပြုနိုင်မည့် သိပ္ပံပညာရပ်များကိုလည်း ဦးစားပေးသင်ကြားပေးသွားရမည် ဖြစ်ကြောင်း။

ဦးဆောင်လမ်းညွှန်

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူစွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအား သိပ္ပံပညာရပ်များတွင် ပိုမိုစိတ်ဝင်စားလာပြီး အထူးပြု လေ့လာသင်ယူလိုစိတ်များ ဖြစ်ပေါ်လာအောင် ဆရာ၊ ဆရာမများက ဦးဆောင်လမ်းညွှန်သင်ပြပေးသွားကြရမည်ဖြစ်ကြောင်း။ ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲအောင်ရုံအဆင့်ထက် ပိုမိုပြီး အမှန်တကယ် တတ်ကျွမ်းအောင် သင်ယူတတ်မြောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၀-၂၀၁၀(သောကြာနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်

၅:၂၀ MRTV-4 သတင်း

၅:၃၀ “ဝိပဿနာအလုပ်ပေး” တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)

၆:၄၀ အံ့ဖွယ်တမူ“ဆဒ္ဒန်ဂူ”

၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၃၀)**

၇:၃၀ MRTV-4 သတင်း

၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂၄)**

၈:၄၅ A Night of Pop
ကြိုတင်ပြင်ဆင်နေမှုများ

၈:၅၅ မြို့လုံးကျွတ်ပါဝင်ဆင်နွှဲ ကွမ်းခြံကုန်းမြို့နယ်၏နှစ်ကိုပ် ရှစ်ဆူဘုရားပွဲ

၉:၁၅ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏စာပေထုဆစ်မှု ဘဝမှတ်တမ်း

၉:၄၀ Movie Talk
(ဇာတ်သဘင်မှရုပ်ရှင်သို့ ကူးပြောင်းလာသော ဇာတ်မင်းသားများ)(အပိုင်း-၃)

၁၀:၀၀ တေးစီးရီးမိတ်ဆက် “ဒင်းဒေါင်တေးကဗျာ သီချင်းများ”

၁၀:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)

၁၀:၂၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁၀:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်

၁၀:၃၅ ဝင့်ကြွားအားမာန် “ကတိုက်”တမံ

၁၁:၀၀ သူတို့ဘဝသူတို့ဟာသ (ဦးမိုးကျော်)

၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် [Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်အမှတ်(၃၀၀) ပြည့်အခမ်းအနားနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲ]

၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်

၁၂:၁၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာဘိုးဘွားရိပ်သာ (မော်လမြိုင်တောင်ဝိုင်း ဘိုးဘွားရိပ်သာ)

၁၂:၃၀ TTS အလုပ်သမား သင်တန်းကျောင်း ဘားအံသင်တန်းကျောင်းဖွင့်ပွဲနှင့် သင်တန်းအပတ်စဉ် ၁/၂၀၁၀ ဖွင့်လှစ်ခြင်းအခမ်းအနား

၁၂:၄၅ တေးဂီတအစီအစဉ်

၁:၀၀ “ဝိပဿနာအလုပ်ပေး” တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)

၂:၀၀ MRTV-4 သတင်း

၂:၂၀ Style ရှိမှ Star ဖြစ်မယ်

၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၃၀)**

၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂၄)**

၄:၄၀ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏စာပေထုဆစ်မှု ဘဝမှတ်တမ်း

၅:၀၀ MNL Preview

၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်

၆:၀၀ MRTV-4 သတင်း

၆:၂၀ Science For All (အာကာသအမှိုက်နှင့် လေကြောင်းအန္တရာယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)

၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၃၁)**

၇:၁၅ The Champion of Dance

၇:၃၀ TTS အလုပ်သမား သင်တန်းကျောင်း ဘားအံသင်တန်းကျောင်းဖွင့်ပွဲနှင့် သင်တန်းအပတ်စဉ် ၁/၂၀၁၀ ဖွင့်လှစ်ခြင်းအခမ်းအနား

၈:၀၀ MRTV-4 သတင်း
-နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

၈:၃၀ ဂီတသရုပ်ပြခန်း(ဘိုဖြူ-ဆန်ရေ) (ကိုယ်ပိုင်သံစဉ်သီချင်းသစ်များ)

၈:၅၅ အနုပညာမိုးကောင်းကင်

၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂၅)**

၁၀:၁၅ ဖက်ရှင်လမ်းညွှန် (Cover Girl)

၁၀:၄၀ တေးစီးရီးမိတ်ဆက် “ဒင်းဒေါင်တေးကဗျာ သီချင်းများ”

၁၀:၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)

၁၁:၂၀ VJ Choice

၁၁:၄၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁၁:၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)

၁၂:၀၀ World of Knowledge (Ancient Megastructures Machu Picchu)

၁၂:၃၀ အသက်ကလေးရယ်တဲ့ ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်)

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ဝန်ကြီးများက ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိမ်မဲမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ အနှစ်(၃၀) နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များတွင် သိပ္ပံပညာရပ်များကို ဦးစားပေးသင်ကြားနိုင်ရေး ထည့်သွင်းရေးဆွဲထားသကဲ့သို့ အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင်လည်း စနစ်တကျရေးဆွဲချမှတ်ထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာလာစေရေး၊ နိုင်ငံ၏သမိုင်းကြောင်းနှင့် ပထဝီဝင် အချက်အလက်များ သိရှိနိုင်စေရေးတို့အတွက် ဝိဇ္ဇာပညာရပ်များ သင်ယူရန်လိုအပ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် အထောက်အကူပြုနိုင်မည့် သိပ္ပံပညာရပ်များကိုလည်း ဦးစားပေးသင်ကြားပေးသွားရမည် ဖြစ်ကြောင်း။

ဦးဆောင်လမ်းညွှန်

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအား သိပ္ပံပညာရပ်များတွင် ပိုမိုစိတ်ဝင်စားလာပြီး အထူးပြု လေ့လာသင်ယူလိုစိတ်များ ဖြစ်ပေါ်လာအောင် ဆရာ၊ ဆရာမများက ဦးဆောင်လမ်းညွှန်သင်ပြပေးသွားကြရမည်ဖြစ်ကြောင်း။ ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲအောင်ရုံအဆင့်ထက် ပိုမိုပြီး အမှန်တကယ် တတ်ကျွမ်းအောင် သင်ယူတတ်မြောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မြန်မာ့မီးရထား၏ အိမ်မဲမြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အိမ်မဲဘက်ကမ်း၌ ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ပြီးစီးမှုနှင့် ရေလယ်တိုင်များတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြတ်သန်းဖောက်လုပ်

ဘဲဂရက်(ပုသိမ်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ရထားလမ်းအရှည် ၈၉ မိုင်ရှိပြီး ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်း-အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့် လှိုင်သာယာမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်မဲမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြဂိုး ကျေးရွာအနီးရှိ မအူပင်-တွံတေးလမ်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့က အရှည် ၂၈ မိုင် ၄ ဖာလုံရှိ မအူပင်-တွံတေးလမ်းကို အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအဖြစ် ဝန်ကြီးဌာနနှစ်ခုက တာဝန်ခွဲဝေဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မအူပင်-တွံတေးလမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မအူပင်-တွံတေးလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သက်သာစေမည်

မအူပင်-တွံတေးလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ၁၆ မိုင် ၄ ဖာလုံနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၂ မိုင် တာဝန်ယူဖောက်လုပ်သွားမည်ဖြစ်သည်။ လက်ရှိအသုံးပြုနေသော မအူပင်-ဆားမလောက်-ရန်ကုန်လမ်းမှာ လမ်းအရှည်မိုင် ၅၀ ရှိသည်။ ယခုဖောက်လုပ်နေသည့် မအူပင်-တွံတေးလမ်းမှ ရန်ကုန်သို့ သွားမည်ဆိုပါက လမ်းအရှည် ၃၇ မိုင် ၆ ဖာလုံသာရှိမည်ဖြစ်ရာ မူလလမ်းထက် ခရီးမိုင် ၁၂ မိုင်ကျော် သက်သာစေမည်ဖြစ်သည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း လိုက်ပါလျက် ရဟတ်ယာဉ်များ ဖြင့်ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ စီမံကိန်း(ပုသိမ်)စက်ရုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ်းကြီးထောင့်မြို့နယ် ဆိုက်ကိုကျေးရွာအနီးရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း(ပုသိမ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝေဟင်မှတွေ့ရ

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံစီမံကိန်း(ပုသိမ်)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

"ဒင်းဒေါင်တေးကဗျာ သီချင်းများ"
- ၁၀း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၁း၂၀ VJ Choice
- ၁၁း၄၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၁း၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂း၀၀ World of Knowledge (Ancient Megastructures Machu Picchu)
- ၁၂း၅၀ အသက်ကလေးရယ်တဲ့ ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်)

(ဒါရိုက်တာ-ကြည်စိုး)
- ၁း၀၀ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
- ၁း၃၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
- ၁း၅၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၂း၁၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် [Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်အမှတ်(၃၀၀) ပြည့်အခမ်းအနားနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲ]
- ၂း၅၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃း၅၀ သက်ကြီးရွယ်အိုကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်ဟန်၊ ဗိုလ်ကလေးတင့်အောင်)
- ၄း၃၅ မြို့လုံးကျွတ်ပါဝင်ဆင်နွှဲ ကွမ်းခြံကုန်းမြို့နယ်၏နှစ်ကိုယ်ရှစ်ဆူဘုရားပွဲ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❍ ကျောဖုံးမှ

စာရေးသူသည် ၂၀၁၀ ခုနှစ် မေလ ၁၅ ရက်ထုတ်သတင်းစာများတွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းအား နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေးလိုက်ပြီဆိုသောသတင်းကို ဖတ်လိုက်ရပြီးကတည်းက မော်တင်စွန်းဘုရား သွားဖူးဦးမည်ဟု အားခဲထားခဲ့၏။ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ၉၆ မိုင် ကားလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့များ၊ ခရိုင်အထူးအဖွဲ့များနှင့် တိုင်းရင်းသားဆောက်လုပ်ရေး ကုမ္ပဏီတို့က တာဝန်ယူဖောက်လုပ်ခဲ့သောလမ်း ဖြစ်သည်။

မော်တင်စွန်းဘုရားသည် ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်တွင် တည်ရှိ၍ ပုသိမ်မြို့သို့ အရင်သွားရသည်။ ရန်ကုန်-ပုသိမ်သည် မိုင် ၁၀၀ ကျော်ရှိပြီး ကားလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် အေးရှားဝေါ်လ်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆို၍ BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသော ကတ္တရာလမ်းမကြီး ဖြစ်သည်။ စာရေးသူတို့မိသားစု စီးနင်းလိုက်ပါလာသော ကားကလေးသည် ပုသိမ်သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရိပ်သာတွင် ခေတ္တနားသည်။

မော်တင်စွန်းသို့ ဘုရားဖူးသွားရောက်မည်ဟု ကြိုတင်ဆက်သွယ်ထားသဖြင့် ပုသိမ်ခရိုင်မှ သူငယ်ချင်း အင်ဂျင်နီယာမှူးက ရိပ်သာတွင် ကြိုတင်စောင့်ဆိုင်း၍ လိုအပ်သည်များ ကူညီပေးသည်။ ၎င်းတို့ ဖောက်လုပ်ထားသော လမ်းအတိုင်း ဘုရားဖူးသွားမည်ဆို၍ စာရေးသူတို့ အတွက် နံနက်စာကို ချိုင့်နှင့်ထည့်ပေးလိုက်သည်။ ထို့အပြင် ဌာနမှ လက်ထောက် အင်ဂျင်နီယာ အမျိုးသမီးတစ်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) အမျိုးသား တစ်ဦးတို့ကိုလည်း ကားတစ်စီးနှင့်ထည့် ပေးလိုက်သေးသည်။ ဤသို့ဖြင့် စာရေးသူတို့၏ မော်တင်စွန်းဘုရားဖူးခရီးသည် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားပြီး နံနက် ၁၀ နာရီတွင် ငဝန်မြစ်ကို ဖြတ်သန်းတည် ဆောက်ထားသော ပုသိမ်မြို့ ကြိုးတံတား ကြီးပေါ်မှ ဆက်လက်မောင်းနှင် ထွက်ခွာ လာခဲ့ကြပါတော့သည်။

ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ၏ စပါးကျီဖြစ်သလို သားငါးနှင့် အသီးအရွက်များလည်း အလွန်ပေါများသည့် တိုင်းဒေသကြီးဖြစ်သည်။ ယခင်က ရေလမ်းတစ်လမ်းတည်းကိုသာ အားထား သွားလာနေခဲ့ရသော်လည်း ယခုအခါ ကုန်းလမ်းပါ အသုံးပြုနိုင်စေရန် လမ်းကွန်ရက် ၁၁ ခုကို အကောင်အထည်ဖော် ဖောက်လုပ်ပေးလျက်ရှိပြီး ထိုလမ်းများပေါ်တွင် တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးထားသည်။

ထို့ကြောင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကတ္တရာလမ်း ၆၅၅ မိုင်ကျော်၊ ကျောက်လမ်း ၃၈၉ မိုင်ကျော်၊ အမာခံလမ်း ၁၈၃ မိုင်ကျော်နှင့် မြေလမ်း ၃၄၁မိုင်ကျော်တို့ ရှိနေပြီး ဆက်လက်၍လည်း လမ်းသစ်များ ဖောက်လုပ်နေဆဲ ဖြစ်ကြောင်း သိရသည်။

ယခုစာရေးသူတို့၏ ဘုရားဖူး ကားကလေး ဖြတ်သန်းမောင်းနှင်နေသော ပုသိမ်-သလပ်ခွာ- မော်တင်စွန်းကားလမ်းသည် လမ်းကွန်ရက် ၁၁ သွယ်အနက်မှ အမှတ်(၉)လမ်းဖြစ်ပြီး ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ် တို့ကို ဖြတ်သန်း၍ အနောက်ရိုးမကြီး ပေါ်မှ ဖောက်လုပ်ထားသောလမ်း ဖြစ်သည်။

အဆိုပါလမ်းသည် ၁၉၈၉-၁၉၉၀ ခုနှစ်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တစ်ကြောင်းထိုး မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ရာ ပုသိမ်-ချောင်းသာ လမ်း သန်လျက်စွန်း- ချောင်းသာအပိုင်း ဂျက်ကာ-စိန်တောင်-မော်တင်စွန်း အထိ လမ်းအရှည် ၉၆ မိုင်ရှိသည်။ (၀/၁)မိုင်မှ(၆/၄)မိုင်အထိ တောင်ကြောပေါ်မှ ဖြတ်၍လည်းကောင်း၊ (၆/၄)မိုင်မှ (၈/၅) မိုင်အထိ တောင်ခြေတောင်ကုန်းငယ်များ ပေါ်မှဖြတ်၍ လည်းကောင်း၊ (၈/၅)မိုင်မှ (၅၄/၀)မိုင်အထိ တောင်ကြောပေါ်ဖြတ်၍ လည်းကောင်း၊ (၅၄/၀)မိုင် မှ (၆၇/၀) မိုင်အထိ တောင်ကုန်းအတက်အဆင်းနှင့် လွင်ပြင်များကို ဖြတ်၍လည်းကောင်း၊ (၆၇/၀)မိုင်မှ (၈၂/၀)မိုင်အထိကို တောင်ကြောပေါ်တွင် ဖြတ်၍လည်းကောင်း ဖောက်လုပ်ထားသောလမ်းဖြစ်ပြီး ယခင်က နွေရာသီမှလွဲ၍ မိုးတွင်းကာလ၌ ကား သွား၍မရသောလမ်း ဖြစ်သည်။

စာရေးသူတို့ကားလေးသည် ပုသိမ် ကြိုးတံတားကြီးပေါ်မှ ဖြတ်သန်းလာခဲ့ပြီး နောက် ရေသိုးကြီးစခန်း၊ စိန်တောင် စခန်း၊ တတန်ကူးစခန်း၊ သစ်ကတိုးအိုင်း စခန်းတို့ကိုကျော်ခဲ့ကာ FM စိုက်ပျိုးရေး စခန်းတွင် တစ်ထောက်နား၍ နံနက်စာ စားကြသည်။ ထို့နောက် ဆက်လက်ထွက် ခဲ့ရာ ဂျက်ကာမှ ၂၈ မိုင်အရောက်တွင် ငပုတောမြို့နယ်သို့ ရောက်သည်။ ငပုတောမြို့နယ်အပိုင်းတွင် ဥသျှစ်ကွင်း၊ တောကြီးရွာ၊ ငရုတ်ကောင်းတောင်ရွာ တို့ကိုကျော်ပြီး ၆၄ မိုင် အရောက်တွင် ကဘန်းလွတ်စခန်း၊ ထိုစခန်းမှ နှစ်မိုင်ခန့် အတွင်းသို့ဝင်လျှင် ပိုးလောင်းရွာကို ရောက်ကြောင်း၊ ယင်းနောက် ၈၃ မိုင် ၄ ဖာလုံသို့ရောက်ပြီး တစ်မိုင်ခန့်အတွင်းသို့ ဝင်လျှင် ငါးပြေမရွာနှင့် ၈၄ မိုင်တွင် မရမ်းကွင်းဆိုသောရွာ စသည်တို့ရှိကြောင်း သိရှိခဲ့ရသည်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းတွင် မော်တင်စွန်းဘုရားဖူး သွား ကားတစ်စီးကို အနောက်ရိုးမ တောင်ပေါ်တစ်နေရာ၌ ဤသို့ တွေ့ခဲ့ ရသည်။

ဤသို့ဖြင့် ကားကလေးသည် မြေပြန့် လွင်ပြင်အပိုင်း အနောက်ရိုးမကြီး၏ တောင်ကုန်းအတက်အဆင်းနှင့် တောင်ခြေ တောင်ကုန်းငယ်ကလေးများကို အသီးသီး ဖြတ်ကျော်ပြီး ပုသိမ်မှ ၉၆ မိုင်ဆိုသော မိုင်တိုင်အရောက်တွင် ပင်လယ်ကြီးကို ရှေ့၌ ဘွားခနဲပေါ်လာသလို တွေ့လိုက်ရ သည်။ ထိုပင်လယ်ကြီး၏ သဲသောင်ပြင်မှ ဖြတ်၍ ကမ်းစပ်ကို လာပုတ်နေသော လှိုင်းအိကလေးများနှင့် လုံးချော ကျောက်တုံးကလေးများကို ကွေ့ကာ ပတ်ကာ ရှောင်တိမ်းပြီး ဖောင်တော်ဦး စေတီရှေ့မှ မော်တင်တောင်ပေါ်သို့ ကတ္တရာလမ်းကလေးအတိုင်း မောင်းတက် ခဲ့ရာ မော်တင်စွန်း ဆံတော်ရှင်စေတီတော် ကို ရောက်ရှိခဲ့ပါတော့သည်။

မော်တင်စွန်းဘုရားကို ပင်လယ် တွင်းမှ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သည့် ဖောင်တော်ဦး စေတီနှင့် ယှဉ်တွဲဖူးမြော်ရစဉ်။

ပင်လယ်ကြီးကို အပေါ်ကမိုးထားသလို ဖြစ်နေသော မော်တင်တောင်ကြီး၏ အစွန်း၌ တည်ထားသည့် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးအား ဖူးမြော်ရသဖြင့် စိတ်အစဉ်တို့မှာ ဝမ်းသာ ရွှင်လန်းပြီး ပီတိပန်းညှာခိုင်တို့သည် သဒ္ဓါလှိုင်လှိုင်ပွားလျက်သာ ရှိနေပါတော့ သည်။

ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်၏ သမိုင်းအကျဉ်း

ဥက္ကလာပမင်းတရားကြီး လက်ထက် တော်အခါက ထိုမင်းတရားကြီး၏ ပိုင်နက် နယ်မြေဖြစ်သော ပေါက္ခဝတီအတိသဥ္ဇာ မြို့နေ သုဝဏ္ဏသူဌေးကြီး၏ သားများ ဖြစ်သည့် တပုဿနှင့်ဘလ္လိက ညီနောင် တို့သည် ဆန်တို့ကို သင်္ဘောဖြင့် တင်ဆောင်၍ ပင်လယ်ကိုဖြတ်ကျော်ပြီး မဇ္ဈိမဒေသသို့ ထွက်ခဲ့ကြသည်ဆို၏။ မဇ္ဈိမ ဒေသ ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ် ပြီးနောက် ကုန်တို့ကို လှည်းများဖြင့်တင်၍ ရောင်းချရန် ခရီးဆက်ခဲ့ကြသည်။

ယင်းသို့ ထွက်လာစဉ် ကုန်သည်တို့ သည် မဇ္ဈိမဒေသ၌ ဘုရားပွင့်တော်မူရာ ဗောဓိပင်အနီးသို့ရောက်လျှင် လှည်းပေါင်း ငါးရာတို့၏ ဘီးများ ရှေ့သို့မလိမ့်ဘဲ ရပ်တန့်သွားကုန်တော့သည်။ ဤအခြင်း အရာကား အဘယ်ကြောင့်နည်းဟု သိရှိ စေရန် တပုဿနှင့် ဘလ္လိကညီနောင် တို့သည် တောတောင်စောင့်ကြပ် အာရက္ခ နတ်တို့ကို တောင်းပန်တင်သ ကိုးမြောက် ကြသောအခါ (အဋ္ဌကထာအလို) ဘဝ တစ်ခုတွင် ၎င်းတို့၏ မယ်တော်ဖြစ်ခဲ့ဖူး သော ခရီးစောင့်နတ်(ဇိနတ္ထအလို)၊ အဆွေ ဖြစ်ခဲ့ဖူးသော နတ် (ရွှေတိဂုံစေတီတော် ကြီး၏သမိုင်းအလို) ရုက္ခစိုးနတ်မင်းသည် ကိုယ်ရောင်ထိန်လင်းစွာ ပြလေပြီး “သင်တို့သည် ဘဝတစ်ခု၌ ငါ၏သား၊ ငါ၏အဆွေများဖြစ်ကြ၍ ယခုလို လောကီ ရေးရာ ဥစ္စာဆည်းပူး၊ လောကီကုန်ကူး သည်ထက် တန်ဖိုးမဖြတ်နိုင်သော လောကုတ္တရာကုန်မျိုးကိုလည်း အခါသင့် ခိုက် ကူးသန်းရှာဖွေကြကုန်လော့-

“ယခုအခါ ကပ္ပလိဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဓနမင်းကြီး၏ သားတော် သိဒ္ဓတ္ထ မင်းသားသည် ထီးနန်းကိုစွန့်၍ ဒုက္ကရ စရိယာ ခြောက်နှစ်ကြာ ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်ရှိလျက်ရှိသည်။ ထိုဘုရားရှင်သည် မာန်ငါးပါးကို အောင်ရာ ဗောဓိမဏ္ဍိုင်နေရာမှအစပြု၍ ခုနစ်ရက်ခုနစ်လီ သတင်းသုံးတော်မူလျက် ရှိရာ နောက်ဆုံးဖြစ်သော လင်းလွန်း ပင်ရင်း၌ ယခုတိုင် သီတင်းသုံးတော်မူဆဲ ဖြစ်သည်။ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဘုရားသခင်ထံသွား၍ တရားတော်များ နာကြားနိုင်ရန်အလို့ငှာ သင်တို့၏ လှည်းဘီးများကို ငါရပ်တန့်အောင် ပြုရ ပေသည်”ဟု ဆိုလေ၏။

နတ်မင်း၏ပြောစကားကို ကြားရသော ကုန်သည်ညီနောင်တို့သည် ပျား၊ တင်လဲ၊ ထောပတ်တို့ဖြင့် ရောစပ်ပြုလုပ်ထားသော မုန့်များကိုယူဆောင်၍ မြတ်စွာဘုရားထံ သို့ သွားပြီးလျှင် အလှူခံတော်မူပါဘုရား ဟု လျှောက်ထားကာ ဆက်ကပ်ကြလေ သည်။ ထို့နောက် ကုန်သည်ညီနောင် တို့သည် မြတ်စွာဘုရားအား ဖူးမြော်၍ မဝအောင်ရှိနေသဖြင့် နောင်သောအခါ

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းတစ်နေရာတွင် စိုးမိုးရတနာ ကုမ္ပဏီမှ အခိုင်အမာတည်ဆောက်ထား သည့် ပိုးလောင်းချောင်းကူးတံတား တစ်စင်းကို ဤသို့ တွေ့ခဲ့ရသည်။

ထာဝရကိုးကွယ်နိုင်ရန်အတွက် မြတ်စွာ ဘုရားကိုယ်စား တစ်ခုခုကို ပေးသနားရန် လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို လက်တော်နှင့်သပ်ပြီး ဆံတော်မြတ် ရှစ်ဆူကို ကုန်သည်ညီနောင် တို့အား ပေးသနားတော်မူလိုက်သည်။

မြတ်စွာဘုရား ပေးသနားလိုက်သည့် ဆံတော်ရှစ်ဆူအနက်မှ ဆံတော်တစ်ဆူကို ဌာပနာပြု၍ မြတ်မော်တင်စွန်းစေတီ တည်ထားသဖြင့် မြတ်မော်တင်စွန်း၏ အဓိကဆံတော်ဒါယကာများမှာ တပုဿ နှင့် ဘလ္လိကတို့ ညီနောင်ဖြစ်ကြပြီး ပထမ ဘုရားဒါယကာမှာ နဂါးတို့၏ ဘုရင် “ဇေယျသေန” နဂါးမင်းဖြစ်သည့် နဂါး မင်းကြီးသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် နတ်၊ နဂါး၊ ဆင်ဖြူ တော်တို့ခြံရံလျက် ကုန်သည်ညီနောင်တို့ ထံမှ ဆံတော်မြတ်ကို ဌာပနာပြု၍ စိုင်းတမော့အရွယ်ရှိ စေတီတော်ကို တည် ခဲ့သည်။

ဒုတိယမွမ်းမံသော ဘုရားဒါယကာမှာ သိရိဓမ္မာသောကမင်းဖြစ်သည်။သာသနာ တော်သက္ကရာဇ် ၂၃၆ ခုနှစ်တွင် အရှင် မဟာမောဂ္ဂလိတိဿမထေရ်နှင့် အရှင် ဥတ္တရမထေရ်မြတ်တို့၏ တန်ခိုးတော်ဖြင့် မင်းကြီးနှင့်တကွ မိဖုရားမောင်းမ ခြွေရံ စစ်သည်ဗိုလ်ပါများနှင့် ကြွရောက်လာပြီး မွမ်းမံတည်ထားခဲ့သည်ဟုသိရသည်။

တတိယမွမ်းမံတည်ဆောက်သော ဘုရား ဒါယကာမှာ အလောင်းစည်သူမင်း ဖြစ် သည်။ အလောင်းစည်သူမင်းကြီးသည် မိမိအပါအဝင် မိမိ၏ ဘိုးဘေးဘီဘင် မင်းတရားတို့ ပိုင်နက်နယ်မြေသို့ တိုင်းခန်းလှည့်လည်စဉ် ထိုဒေသသို့ ရောက်ရှိပြီး မြတ်စွာဘုရား၏ သရီရ ဓာတ်တော်အချို့ကို ထပ်မံဌာပနာထား၍ သက္ကရာဇ် ၄၇၅ ခုနှစ် တပေါင်းလပြည့်နေ့ တွင် ဆံတော် ၄၀ ရှိသော မော်တင်စွန်း စေတီတော်ကြီးကို ထပ်ဆင့်တည်တော်မူခဲ့ သည်ဟုသိရသည်။ ဤကား ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်၏ သမိုင်းမှ အကျဉ်းတည်း။

စာရေးသူတို့သည် မော်တင်တောင် ပေါ်ရှိ မော်တင်စွန်းဘုရားနှင့် မနီးမဝေး တွင်ရှိသော ဆောက်လုပ်ရေးရိပ်သာ၌ တစ်ညတာ အိပ်စက်နားခိုပြီး နောက် တစ်နေ့နံနက်စောစောတွင် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးအား တဝဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို လှူဒါန်းကာ ဆုမွန်ကောင်းများ တောင်းခဲ့ပါ၏။

ထို့နောက် ဘုရားရင်ပြင်တော်ပေါ်မှ ပင်လယ်ရှုခင်းကို လှမ်းမျှော်ကြည့်ကြ သည်။ ဘုရားကုန်းတောင်ပေါ်မှ လှမ်းမြင် ရသော ပင်လယ်ကြီးကား သာယာလှ၏။ မော်တင်စွန်းဘုရားဖူးခရီးကား ဆန်းပြား လှ၏။ ဘုရားဖူးရင်း အပန်းလည်းဖြေနိုင် ၏။ ပင်လယ်ကြီးက ဘုရားအနီးတွင်ရှိ သည်။ ပင်လယ်ကြီးထဲတွင် သက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလဆန်း ၁၄ နေ့ရက် က အလောင်းစည်သူမင်းကြီး တည်ထား ခဲ့သော ဖောင်တော်ဦးစေတီတစ်ဆူလည်း ရှိသည်။ ပင်လယ်တွင်း၌ တွေ့မြင်ရသော ရေလှိုင်းအလှနှင့် ဖူးတွေ့ရသော ဖောင် တော်ဦးဘုရားကား သပ္ပာယ်လွန်းလှသည်။

စာရေးသူတို့သည် မော်တင်စွန်းဘုရား ကို ဖူးမြော်ပြီးနောက် ပုသိမ်သို့ လာလမ်း အတိုင်း ကားကလေးနှင့် ပြန်ခဲ့ကြသည်။ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်း ကလည်း အနောက်ရိုးမအပေါ်၌ တောင် ထိပ်ရောက်လိုက်၊ တောင်လယ်ရောက် လိုက်၊ တောင်ခြေရောက်လိုက်၊ မြေပြန့် လွင်ပြင် ရောက်လိုက်ဖြင့် သာယာလွန်းလှ သည်။ ဤကားလမ်း ၉၆ မိုင်ကို နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းအထူးအဖွဲ့၊ ခရိုင်အထူးအဖွဲ့နှင့် တံတားအထူး အဖွဲ့အပါအဝင် အဖွဲ့ ၂၇ ဖွဲ့၊ တိုင်းရင်းသား ကုမ္ပဏီ ၁၇ ခု စုစုပေါင်း ၄၄ ဖွဲ့ဖြင့် ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ မေလ အတွင်းက ငါးလနှင့် အပြီးဖောက်ခဲ့သော လမ်းဖြစ်သည်။

ယခုအခါ မော်တင်စွန်းဘုရားကား လမ်းဖောက်ပြီးဖြစ်၍ မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးလိုသူများ ပင်လယ် ပြင်ကို ကြည့်ချင်၊ မြင်ချင်၊ တွေ့ချင်သူများ အတွက်လည်း ဘုရားဖူးရင်း ပင်လယ်ပြင် အလှနှင့် ပင်လယ်လေ တဝရှူနိုင်ကြသလို ကားလမ်းတစ်လျှောက် တောတောင် ရှုခင်းအလှအပများကိုလည်း ကြည့်ရှုခံစား နိုင်ကြဖို့ မော်တင်စွန်းကို ဘုရားဖူးသွား ကြပါစို့ ဟု. . .။ ။

နိုင်ငံတကာသတင်းများ

နေတိုး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်ထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန်ပိတ်ဆို့

အစ္စလမ္မာဘတ် စက်တင်ဘာ ၃၀

စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် နေတိုးတပ်ဖွဲ့ ရဟတ်ယာဉ်များက ပါကစ္စတန်နယ်စပ်ကို ဖြတ်ကျော်၍ တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်နေသော နေတိုးတပ်ဖွဲ့များထံ ပေးပို့သော ထောက်ပံ့ရေးလမ်းကြောင်းကို ပါကစ္စတန်အာဏာပိုင်များက ပိတ်ပင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။ နေတိုးရဟတ်ယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ခိုင်ဘာလူမျိုးစုဒေသ ပက်ရှ်ဝါမြို့အနီးရှိ တော်ခန်နယ်စပ် စစ်ဆေးရေးစခန်းတွင် အာဖဂန်စစ်မြေပြင်ရှိ နေတိုးတပ်ဖွဲ့များထံ သွားရောက်မည့် ကုန်တင်ထရပ်ကားများနှင့် လောင်စာဆီတင်ကားများကို ပါကစ္စတန်အာဏာပိုင်များက တားဆီးထားကြောင်းသိရသည်။ **(အောက်ပုံ)**

အာဖဂန်နစ္စတန် ပြည်တွင်းရေးတည်ငြိမ်မှုအတွက် ကြိုးပမ်းရာတွင် ပါကစ္စတန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ အဓိက မဟာမိတ်ဖြစ်သော်လည်း ယခုကဲ့သို့ နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ပိတ်ဆို့ခဲ့ခြင်းသည် နှစ်နိုင်ငံအကြားဆက်ဆံရေးတင်းမာနေမှု လက္ခဏာဖြစ်ကြောင်း အကဲခတ်များက ဆိုသည်။

အေအက်ဖ်ပီ။

အယ်လ်ခိုင်ဒါနှိမ်နင်းရေးအတွက် မြောက်အာဖရိကလေးနိုင်ငံ ပူးတွဲထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်း

အယ်လ်ဂျီးယားစ် စက်တင်ဘာ ၃၀ - ဆာဟာရဒေသအတွင်းရှိ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ကို နှိမ်နင်းရန် မြောက်အာဖရိကနိုင်ငံလေးနိုင်ငံမှ ထောက်လှမ်းရေးဌာန အကြီးအကဲများက ပူးတွဲထောက်လှမ်းရေး အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါ မြောက်အာဖရိကနိုင်ငံများ၏ ပူးတွဲထောက်လှမ်းရေးအဖွဲ့ကို မာလီ၊ နိုင်ဂျာ၊ မော်ရီတေးနီးယားနှင့် အယ်လ်ဂျီးရီးယားနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက စီမံခန့်ခွဲမည်ဖြစ်ပြီး ဆာဟာရဒေသတွင်းရှိ အကြမ်းဖက်အုပ်စုများ၏ လှုပ်ရှားမှု၊ အဖွဲ့ဝင်များ၏ ဇာစ်မြစ်စသည်တို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို မျှဝေအသုံးပြုမည်ဖြစ်သည်။ မြောက်အာဖရိကလေးနိုင်ငံ ပူးတွဲထောက်လှမ်းရေးအဖွဲ့၏ ဌာနချုပ်ကို အဆိုပါလေးနိုင်ငံ၌ အလှည့်ကျထားရှိသွားမည်ဖြစ်ကြောင်း အယ်လ်ဂျီးယားစ်မြို့ထုတ် သတင်းစာ အယ်လ်ဝါတန်က ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်၏ မြောက်အာဖရိကအဖွဲ့ခွဲသည် ဆာဟာရဒေသတွင် တဖြည်းဖြည်း အင်အားကောင်းလာလျက်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

အေအက်ဖ်ပီ။

ကိုရီးယားနှစ်နိုင်ငံ၏ စစ်ဘက်ဆွေးနွေးပွဲ တိုးတက်မှုတစ်စုံတစ်ရာမရဘဲ ပြီးဆုံး

ဆိုးလ် စက်တင်ဘာ ၃၀ - တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံသည် နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲကို ကျင်းပခဲ့သော်လည်း တိုးတက်မှုတစ်စုံတစ်ရာမရဘဲ ဆွေးနွေးပွဲပြီးဆုံးသွားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်ကို ပိုင်းခြားထားသော စစ်မဲ့ဇုန်တွင် ဆွေးနွေးပွဲကျင်းပခဲ့သည်။

နှစ်နိုင်ငံအငြင်းပွားနေသော ပင်လယ်ရေကြောင်းနယ်ခြားဒေသ၌ ပြီးခဲ့သည့် မတ်လက တောင်ကိုရီးယား ရေတပ်မှ ချိုနန်အမည်ရှိ စစ်သင်္ဘောနစ်မြုပ်ခဲ့ရမှုအတွက် မြောက်ကိုရီးယားနိုင်ငံက ဝန်ချတောင်းပန်ရန် တောင်ကိုရီးယားနိုင်ငံက တိုက်တွန်းခဲ့သည်။ ချိုနန် စစ်သင်္ဘောနစ်မြုပ်ခဲ့ရာတွင် ရေတပ်သား ၄၆ ဦး သေဆုံးခဲ့ရသည်။

အငြင်းပွားနေသော ပင်လယ်ရေကြောင်း နယ်ခြားဒေသအနီးတွင် စစ်ရေးအရ ရန်စလှုံ့ဆော်မှု မပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံက တောင်းဆိုခဲ့ကြောင်း ဆိုးလ်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ရေးဆွဲပေးခဲ့

အနောက်ဘက် ပင်လယ်နယ်ခြားဒေသ သတ်မှတ်ရေး မျဉ်းကြောင်းကို ၁၉၅၀-၅၃ ကိုရီးယား စစ်ပွဲအပြီးတွင် ကုလသမဂ္ဂက ရေးဆွဲပေးခဲ့သည်။

ယင်း ပင်လယ်နယ်နိမိတ် မျဉ်းကြောင်းကို ပြင်ဆင်သတ်မှတ်ရန် မြောက်ကိုရီးယားနိုင်ငံက စဉ်ဆက်မပြတ် တောင်းဆိုခဲ့မှုကို တောင်ကိုရီးယားနိုင်ငံက ပယ်ချခဲ့သည်။

အင်တာနက်။

လလေ့လာရေး အာကာသယာဉ် တရုတ်နိုင်ငံ လွှတ်တင်မည်

ပေကျင်း စက်တင်ဘာ ၃၀

ယခုသီတင်းပတ် အောက်တိုဘာ ၁ ရက်နှင့် ၃ ရက်အကြား တစ်ရက်ရက်တွင် တရုတ်နိုင်ငံသည် ၎င်း၏ ဒုတိယမြောက် လလေ့လာရေးအာကာသယာဉ်ကို လွှတ်တင်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ ဒုတိယမြောက် လလေ့လာရေးအာကာသယာဉ် ချန်ဂီ-၂ ကို လောင်းမတ်ချ်-၃ စီ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ယင်းအာကာသယာဉ်ကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်း အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ပြီး ရာသီဥတုအခြေအနေအရ လွှတ်တင်မည့်ရက်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် လပေါ်သို့ လူမဲ့အာကာသယာဉ်တစ်စင်း လွှတ်တင်မည်ဖြစ်ရာ ယင်းစီမံချက်အတွက် နည်းပညာပိုင်းအရ စမ်းသပ်မှုအနေဖြင့် ချန်ဂီ-၂ အာကာသယာဉ်ကို လွှတ်တင်ခြင်းဖြစ်သည်။ အဆိုပါ အာကာသစီမံကိန်းများ အဆင့်ဆင့်အောင်မြင်ပြီးပါက တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် လူလိုက်ပါသော အာကာသယာဉ်တစ်စင်းကို လပေါ်သို့ စေလွှတ်မည်ဖြစ်သည်။

အေပီ။

(၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၁၀ ခုနှစ်(၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ယမန်နှစ်က ချန်ပီယံအသင်းများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မြန်မာ့ရိုးရာ တံခွန်စိုက်ဒိုင်းဆု၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ လူငယ်အသင်းလိုက် တံခွန်စိုက်ဒိုင်းဆု၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်း တံခွန်စိုက်ဒိုင်းဆုနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုများကို အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည် အပ်နှံကြသည်။

ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုံးရွှေ့ကွက်ကို ရွှေ့ပေးပြီး**(အပေါ်ပုံ)** ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(ကြေးမုံ)

မကွေး F.C ကို ပယ်နယ်တီဖြင့် အနိုင်ယူပြီး Southern F.C ဆီမီးတက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

မကွေးအသင်းမှ စိုးမင်းနိုင်၏ ပယ်နယ်တီကန်သွင်းမှုကို Southern ဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်စဉ်။ (ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၁၀ ခုနှစ် MFF Max Cement Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မကွေး F.C နှင့် Southern Myanmar F.C တို့သည် ယမန်နေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၁၂၀ အထိ နှစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ Southern Myanmar F.C က လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်

Southern Myanmar F.C မှာ ဆီမီးဖိုင်နယ်တွင် ဧရာဝတီရွှေမြေနှင့် Delta တို့မှအနိုင်ရသော အသင်းနှင့် ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ အင်တာမီလန်နှင့်စပါးတို့ ဂိုးပြတ်အနိုင်ရ

လန်ဒန် စက်တင်ဘာ ၃၀

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ ကြာသပတေးနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲများတွင် အင်တာမီလန်အသင်း ဂိုးပြတ်ဖြင့် အနိုင်ရကာ အင်္ဂလန်အသင်းများ ဖြစ်သည့် စပါးနှင့် မန်ယူတို့လည်း အမှတ်ပြည့်ရယူနိုင်ခဲ့ကြသည်။

ဗလင်စီယာ ၀-၁ မန်ယူ

စပိန်မြေတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဗလင်စီယာနှင့် မန်ယူတို့ပွဲတွင် အင်္ဂလန်ထိပ်သီး မန်ယူက ဟာနန်ဒက်ဇ်၏ ၈၅ မိနစ်တွင် သွင်းသည့် နောက်ကျဂိုးဖြင့် အဝေးကွင်း အဖိုးတန်သုံးမှတ်ရခဲ့သည်။

ယခုပွဲတွင် မန်ယူအသင်း၌ ဗန်ဒါဆား၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ဆေးလ်ဗား (အိုရှီးယား-၉၀+၂)၊ အန်ဒါဆင် (ဟာနန်ဒက်ဇ်-၇၇)၊ ပက်ဂျီဆန်၊ ကာရစ်၊ နာနီ၊ ဖလက်ချာနှင့်ဘာဘာတော့ဗ် (မာချီဒါ-၈၅)တို့ ပါဝင်ကစားသွားခဲ့သည်။

စပါး ၄-၁ တွမ်တီး

တိုက်စစ်မှူး ဒီဖိုး ပါဝင်နိုင်ခြင်းမရှိသည့် စပါးအသင်းတွင် ပက်လူချန်ကိုနှင့် ပီတာခရော့ချ်တို့ တိုက်စစ်အတွဲကို အသုံးပြုခဲ့ပြီး ကွင်းလယ်တွင် အီကော့တို၊ ဟက်ဒယ်စတုန်း၊ ဗန်ဒါဗက်နှင့် မော့ဒရစ်တို့ ပါဝင်လာခဲ့ကာ နောက်တန်းတွင် ကင်း၊ ဘတ်စ်ဆောင်း၊ ဘေးလ်နှင့် ဟတ်တန်၊ ဂိုးသမားနေရာတွင် ဂိုမက်စ်တို့ ပါဝင်ခဲ့သည်။

အိမ်ရှင် စပါးအတွက် ဂိုးများကို ၄၇ မိနစ်တွင် ဗန်ဒါဗက်၊ မိနစ် ၅၀ နှင့် ၆၄ မိနစ်တို့တွင် ပက်လူချန်ကိုက ပယ်နယ်တီမှ သွင်းယူခဲ့ပြီး စပါးအတွက် စတုတ္ထဂိုးကို ၈၅ မိနစ်တွင် ဘယ်နောက်ခံလူ ဘေးလ်က သွင်းယူခဲ့သည်။ တွမ်တီးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၅၆ မိနစ်တွင် ချက်ဒ်လီက သွင်းယူခဲ့သည်။ ယခုပွဲတွင် စပါးကွင်းလယ်ကစားသမား ဗန်ဒါဗက်မှာ ၄၁ မိနစ်တွင် ရရှိခဲ့သည့် ပယ်နယ်တီကို ကန်သွင်းရာ ဂိုးမဝင်ခဲ့ပေ။ ဗန်ဒါဗက်မှာ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဟာနန်ဒက်ဇ်သွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲစဉ်ရလဒ်များ

ဟာပိုးလ်တဲအဗစ်	၁-၃	လိုင်ယွန်
အင်တာမီလန်	၄-၀	ဝါဒါဘရီမင်
ပင်နာသီယာကော့စ်	၀-၂	ကိုပင်ဟေဂင်
ရိန်းဂျားစ်	၁-၀	ဘူဆာစပေါ
ရှုဘင်ကာဇင်	၁-၁	ဘာစီလိုနာ
ရှော်ကေး	၂-၀	ဘင်ဖီကာ

အင်တာနက်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၁

၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မော်တင်စွန်းဘုရား သွားဖူးကြစို့လား

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်၊ ဓာတ်ပုံ - ကျော်မိုးလွင်

သာယာသော မိုးလတစ်လ၏ တစ်ခုသောနံနက်ခင်း (သို့မဟုတ်) ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီတွင် စူပါဆလွန်းကားလေးတစ်စီးသည် ရန်ကုန်မြို့မှ လှိုင်မြစ်ပေါ် ဖြတ်ကျော်တည်ဆောက်ထားသော ဘုရင့်နောင်တံတားကြီးကို ဖြတ်သန်း၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဦးတည်မောင်းနှင်နေသည်။ စင်စစ် ဤခရီးစဉ်မှာ ပုသိမ်မြို့မှတစ်ဆင့် မော်တင်စွန်းဘုရားဖူးရန် သွားရောက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးအောင်သန်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅)တွင် ဖော်ပြထားပါသည်။